# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၅) ရက် ၊ သောကြာနေ့ ၊ (14-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၆၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) စစ်လက်ရုံးရွေးချယ်ပွဲသို့ ဆက်လက်တက်ရောက်စိစစ်ရွေးချယ်

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) စစ်လက်ရုံး ရွေးချယ်ပွဲသို့ ဆက်လက်တက်ရောက်စိစစ်ရွေး ချယ်သည်။

အဆိုပါစစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တာဝန် ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများကို တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ် ရွေးချယ်ပေးခဲ့ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☞



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းသားဗိုလ်လောင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားစဉ်။




ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်
အယ်ဒီတာ့အာဘော်

# ဒီမိုကရေစီနှင့် စည်းကမ်းပြည့်ဝမှု

နိုင်ငံတော်အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာကို ပိုင်စိုးသည့်နိုင်ငံအသီးသီးတွင် မိမိနိုင်ငံနှင့်ကိုက်ညီသော အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးကြသည်။ မည်သည့်စနစ်ကိုကျင့်သုံးကြသည်ဖြစ်စေ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဘုံအကျိုးစီးပွားမထိခိုက်စေရေး၊ မိမိနိုင်ငံနှင့် မိမိလူမျိုးအပေါ် ချစ်မြတ်နိုးသည့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးသည် နိုင်ငံသားတိုင်း၏နှလုံးသားတွင် ကိန်းအောင်းနေရမည်သာဖြစ်သည်။

မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ရာမှ နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ အင်္ဂလိပ်နယ်ချဲ့တို့၏ ကိုလိုနီအုပ်ချုပ်ရေးစနစ်အောက်တွင် အမျိုးမျိုးကုပ်သွေးစုပ်ခံခဲ့ရသကဲ့သို့ ဖက်ဆစ်ဂျပန်တို့၏လက်အောက်တွင် ညှဉ်းပန်းနှိပ်စက်မှုအမျိုးမျိုးကိုလည်း ခံခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီစနစ်၊ ဆိုရှယ်လစ်စနစ်တို့ကိုလည်း တွေ့ကြုံကျော်ဖြတ်ခဲ့ရသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ပြည်သူတို့လိုလားသောဒီမိုကရေစီစနစ်ပေါ် ထွန်းရေး ကြိုးပမ်းခဲ့ပြီးနောက် ပြည်သူတို့ရွေးချယ်သော ဒီမိုကရေစီအစိုးရ နှစ်ဆက်ကြုံတွေ့ခဲ့ရသော်လည်း ဒီမိုကရေစီ၏ အနှစ်သာရနှင့် ဒီမိုကရေစီ၏ ရပိုင်ခွင့်အသုံးချမှုများမှာ လိုအပ်နေဆဲသာဖြစ်သည်ဟု သုံးသပ်မိသည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို နိုင်ငံရေးဦးတည်ချက်တွင် ထည့်သွင်းကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီအတွက် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရေးကိုလည်း ဖြစ်နိုင်သမျှနည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်မှန်သော်လည်း နိုင်ငံတိုင်း ပုံစံတစ်မျိုးတည်းအပေါ် အခြေခံထားသည်မဟုတ်ပေ။ ရွေးကောက်ပွဲကျင်းပမှု၊ လွှတ်တော်ဖွဲ့စည်းမှု၊ အစိုးရဖွဲ့စည်းမှုပုံစံသည်လည်း နိုင်ငံအလိုက် ကွဲပြားသည်ကို တွေ့ရသည်။ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာရှိပြီး မတူညီသောယဉ်ကျေးမှုနှင့် ကိုးကွယ်သည့်ဘာသာများရှိသည်။ ထိုသို့ မတူကွဲပြားမှုအပေါ် အခြေခံပြီး ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် ပြည့်ဝစွာစည်းကမ်းလိုက်နာနိုင်မှု အထူးလိုအပ်သည်။

ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည်ဟုဆိုကာ စည်းကမ်းမဲ့ပြုမူနေထိုင်ပြောဆို၍မရပေ။ လူ့အခွင့်အရေးတစ်ရပ်အပေါ် အခြေခံကာ လူတိုင်းအပေါ် သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်အပေါ် လေးစားမှုရှိရမည်ဖြစ်သည်။ အထူးသဖြင့် လူ့အဖွဲ့အစည်းတစ်ရပ်အပေါ် လေးစားလိုက်နာမှုမရှိဘဲ မိမိနှင့် မိမိအဖွဲ့အစည်းတစ်ရပ် ကောင်းစားရေးအပေါ်သာ အလေးထားပြုမူဆောင်ရွက်နေခြင်းသည် စည်းကမ်းပြည့်ဝပြီး လူတိုင်းအတွက် အကျိုးရှိစေမည့် ဒီမိုကရေစီစံနှုန်းတို့ကို လိုက်နာကျင့်သုံးသည် မမည်တော့ပေ။

သို့ဖြစ်ရာ ဒီမိုကရေစီစံနှုန်းတို့ကို ပြည့်ဝစွာရရှိနိုင်ရန်အတွက် စည်းကမ်းလိုက်နာနိုင်မှုရှိရန် လိုအပ်သည်။ စည်းကမ်းသည် လူ၏တန်ဖိုးဟူသောဆိုစကားနှင့်အညီ မိမိနိုင်ငံအတွင်း လေးစားလိုက်နာရမည့်စည်းကမ်းချက်ကို နိုင်ငံသားတိုင်း လိုက်နာပါက နိုင်ငံ၏ပုံရိပ်တန်ဖိုးသည်လည်း တိုးတက်လာမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်အလေ့အကျင့်ကောင်းတို့ကို နိုင်ငံတော်ကဖော်ဆောင်နေသည့်နည်းတူ နိုင်ငံသားတိုင်းကလည်း လိုက်ပါဆောင်ရွက်ပါက လူ့ဘောင်အဖွဲ့အစည်းအတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်သည် အမြဲရှင်သန်နေမည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ မုံရွာ၊ ကသာ၊ ထီးချိုင့်နှင့် အခြားမြို့များသို့ ကုန်စည်တင်ပို့မှု ယခုလအတွင်း များပြားလာ



**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ မုံရွာ၊ ကသာ၊ ထီးချိုင့်နှင့် အခြားမြို့များသို့ ကုန်စည်တင်ပို့မှု ယခုလအတွင်း များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ဆန်၊ ကြက်သွန်၊ ဆီ၊ ဆား၊ ငရုတ်၊ ငါးပိ၊ ငါးခြောက်အပါအဝင် အဝတ်အထည်၊ အခြားလူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို ရန်ကုန်၊ မုံရွာ၊ သပိတ်ကျင်း၊ ရွှေကူ၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ တင်ပို့လျက်ရှိရာ ယခုလအတွင်း ကုန်စည်တင်ပို့မှု များပြားလာကြောင်း သိရသည်။

"အခုက သီတင်းကျွတ်ကာလလဲဖြစ်တာကြောင့် မန္တလေးဆိပ်ကမ်းမှာ ကုန်စည်ရရှိမှု တော်တော်လေး အားကောင်းလာတယ်။ မန္တလေးဆိပ်ကမ်းကနေ တင်ပို့တဲ့ကုန်တွေထဲမှာ ဆန်၊ အဝတ်အထည်နဲ့ လူသုံးကုန်ပစ္စည်းတွေကတော့ အခုလတ်တလော အများဆုံးဖြစ်နေတယ်" ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ မုံရွာ၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော် စသည့်မြို့များသို့ ဆန်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငါးပိ၊ ငါးခြောက်၊ ဆီ၊ ဆား စသည့်ကုန်စည်များ တင်ပို့မှုမှာ စက်တင်ဘာလအတွင်းက တစ်ရက်လျှင် တန်ချိန် ၉၀၀ ကျော်သာ ရှိခဲ့သော်လည်း အောက်တိုဘာလပထမပတ်မှစ၍ တစ်ရက်လျှင် တန်ချိန် ၁၅၀၀ ခန့်ရှိလာပြီး ကုန်စည်ရရှိမှု များပြားလာခဲ့ကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ မုံရွာ၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော် စသည့်မြို့များသို့ ကုန်ပစ္စည်းများ တင်ပို့သည့် သင်္ဘောစုစုပေါင်းအစီးရေ ၄၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး အောက်တိုဘာ ၁၃**

ကားဈေးကွက်အတွင်း လက်ကျန်ညာမောင်း လုပ်ငန်းသုံးကားများ အမြင့်ဈေးဖြင့် အရောင်းအဝယ်ပြုလုပ်နေကြပြီး ဈေးကွက်အကြိုက်ဖြစ်သည့် ငွေကျပ်သိန်း ၃၀၀ ခန့် ညာမောင်းကား ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးကားဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် အိမ်စီးကားအမျိုးအစားများမှ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၅၀၀ ကြားရှိကားများ အရောင်းအဝယ်ရှိနေကြောင်း၊ ထို့ပြင် ဆီစားသက်သာသော ဟွန်ဒါအင်ဆိုက်ကားများ လူကြိုက်ပိုများလာပြီး ဆူဇူကီးဆွစ်၊ ဟွန်ဒါဖစ်၊ ဟာရီယား၊ ပရိုဘောက်၊ အင်ဆိုက်၊ ဗစ်ဇ်၊ ကယ်လ်ဒီးနား စသည့်အိမ်စီးကားများလည်း အရောင်းအဝယ် ရှိနေကြောင်း သိရသည်။

ထို့အတူ မန္တလေးကားဈေးကွက်၏ အရောင်းအဝယ်အကောင်းဆုံးဖြစ်သည့် ၆၆၀ စီစီ မီနီထရပ် (ခွေးဘီလူး)ကားများမှာ ဟိုက်ဂျက်အော်တို ငွေကျပ်သိန်း ၁၆၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၄၀ ခန့်ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၂၀၊ အော်တိုငွေကျပ်သိန်း ၁၃၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးက ပြောပြသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်းနှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း သိရသည်။

ယခုတစ်ပတ် ဆိုင်ကယ်ဈေးကွက်တွင် ဈေးနှုန်းများ မြင့်တက်နေဆဲဖြစ်သောကြောင့် အရောင်းအဝယ် အေးနေပြီး တစ်ပတ်ရစ်ဈေးကွက်တွင်လည်း ရောင်းချလိုမှု ပို၍များနေကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ယခုအခါ တစ်ပတ်ရစ်ဆိုင်ကယ်ဈေးကွက်တွင် အော်တိုဂီယာတရုတ်ဘီးများနှင့် Click၊ FZ ဘီးများ ရောင်းချလိုမှုများရှိနေပြီး ဘီးကြောကောင်းမွန်မှုနှင့် ဈေးနှုန်းအသင့်အတင့်ဘီးများသာ ဝယ်ယူမှုရှိနေကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့်ဈေးရှိကြောင်း၊ Scoopyi အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ်ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅သောင်းမှ ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိနေကြောင်း ဆိုင်ကယ် အရောင်းအဝယ်လုပ်ကိုင်သူ ဦးထွန်းထွန်းက ပြောပြ၍ သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းလာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ ပေါက်ဈေးရှိ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေး ဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ ပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပဲတီစိမ်းကို ပြည်တွင်းဈေးကွက်အတွင်းက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလက်ရှိ ပဲတီစိမ်းအသစ်တွေ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပါတယ်။ ပြည်ပကို အဓိကထားတင်ပို့တဲ့ ပဲတီစိမ်းအသစ်တွေကို ပြည်တွင်းမှာ ဝယ်ယူမှုများတာကြောင့် အခုလတ်တလော ဈေးကောင်းပြန်ရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်က ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ပဲတီစိမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်အတွင်းမှာ ပဲတီစိမ်းအရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ အခုလတ်တလော ပြန်ပြီးများလာတယ်။ ပဲတီစိမ်းအပြင် အချို့ကုန်စည်တွေလဲ ဝယ်ယူမှုရှိတယ်။ အခုကတော့ ပဲတီစိမ်းကအဝယ်လိုက်နေတာကြောင့် ဈေးကောင်း ပြန်ရနေတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြစ်ကြီးနားမြို့နယ်တွင် ဘက်စုံသုံးခန်းမတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား အောက်တိုဘာ ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်မော်တောင်းကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုကို အောက်တိုဘာ ၁၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဘုန်းလင်းနှင့် တာဝန်ရှိသူများက နောင်နန်းကျေးရွာအုပ်စု မော်တောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအုပ်စု မော်တောင်းကျေးရွာတွင်ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၇၇ သန်း စုစုပေါင်း ၁၀ ဒသမ ၇၇ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပါက ကျေးရွာ၏ဘာသာရေး၊ လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# လက်ပံတန်းမြို့နယ်၌ ပန်းရန်သင်တန်းဖွင့်

**လက်ပံတန်း အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့်အတတ်ပညာအသိပညာများ တိုးတက်စေရန်ရည်ရွယ်၍ သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးလှိုင်က သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး သင်တန်းနည်းပြဆရာက သင်တန်းတွင်လိုက်နာရမည့် စည်းကမ်းချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ လက်ပံတန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင်ပန်းရန်နှင့်ပတ်သက်သည့် သင်ခန်းစာများကို သင်တန်းနည်းပြဆရာက စာတွေ့၊ လက်တွေ့ဖြင့် အောက်တိုဘာ ၁၂ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ ရက်ပေါင်း ၂၀ ကြာ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြိုးလေး**

# သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ စက်သုံးဆီဂါလန် ခြောက်သန်းကျော် တင်ဆောင်လာသည့်သင်္ဘောကြီးများ ထပ်မံရောက်ရှိနေ



**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သီလဝါ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ စက်သုံးဆီဂါလန် ခြောက်သန်းကျော်တင်ဆောင်လာသည့် သင်္ဘောကြီးများ ထပ်မံရောက်ရှိနေကြောင်း မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ ဧဟို အလုပ်အမှုဆောင် ဦးအောင်ပြည့်စုံက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်း ရောင်းချဖြန့်ဖြူးရေးအသင်း အနေဖြင့် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးအတွက် စက်သုံးဆီအမျိုးအစားအလိုက် ပုံမှန်တင်သွင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် MT YU DONG သင်္ဘောက ဓာတ်ဆီ 92 Ron ဂါလန် သုည ဒသမ ဝ၂ သန်းနှင့် ပရီမီယံဒီဇယ်ဆီဂါလန် ၂ ဒသမ ၈၀ သန်းကိုလည်းကောင်း၊ MT Bowmore သင်္ဘောက ဓာတ်ဆီ 92 Ron ဂါလန် သုည ဒသမ ၁၄ သန်းကိုလည်းကောင်း ဆီချလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပရီမီယံဒီဇယ်ဆီဂါလန် ၂ ဒသမ ၉ သန်း တင်ဆောင်လာသည့် MT Aulac Vision သင်္ဘောနှင့် ရိုးရိုးဒီဇယ်ဆီ ဂါလန် ၁ ဒသမ ၆ သန်းနှင့် ပရီမီယံဒီဇယ်ဆီ ဂါလန် ၁ ဒသမ ၈၆ သန်း တင်ဆောင်လာသည့် MT Yu Yi သင်္ဘောများလည်းထပ်မံဆိုက်ကပ်လာပြီး ဆီချလုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ စက်သုံးဆီ လက်ကျန်အခြေအနေအရ စက်သုံးဆီဖူလုံမှုရှိကြောင်း သိရသည်။

“ဓာတ်ဆီနဲ့ဒီဇယ် စုစုပေါင်း ဂါလန် ခြောက်သန်းကျော်ထပ်မံရောက်ရှိနေပြီဆိုတော့ ဖြန့်ဖြူးပေးဖို့အတွက် ဆီချလုပ်ငန်းတွေ ဆက်တိုက် ဆောင်ရွက်မှာဖြစ်ပါတယ်။ လက်ရှိမှာတော့ MT YU DONG သင်္ဘောက ဓာတ်ဆီ 92 Ron ဂါလန်သုည ဒသမ ဝ၂ သန်းနဲ့ ပရီမီယံဒီဇယ်ဆီ ဂါလန် ၂ ဒသမ ၈၀ သန်း၊ MT Bowmore သင်္ဘောက ဓာတ်ဆီ 92 Ron ဂါလန် သုည ဒသမ ၁၄ သန်းကို ဆီချလုပ်ငန်း ဆောင်ရွက်နေပါတယ်။ ဒါကြောင့် စက်သုံးဆီလက်ကျန်အခြေအနေအရ စက်သုံးဆီဖူလုံမှု ရှိပါတယ်”ဟု ဦးအောင်ပြည့်စုံက ပြောပြသည်။

မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့နယ်များအလိုက် စက်သုံးဆီလိုအပ်ချက်များအတွက် စက်သုံးဆီလက်ကျန်အပေါ်မူတည်၍ ခွဲဝေဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ASH

# မော်လမြိုင်မြို့နယ် ကော့စိန်ကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှု စစ်ဆေး

**မော်လမြိုင် အောက်တိုဘာ ၁၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကော့စိန်ကျေးရွာ၌ ကုန်ထုတ်တံတား တည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် ဝန်ထမ်းများက ကော့စိန်ကျေးရွာ ကုန်ထုတ်လမ်း တံတားဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကော့စိန်ကျေးရွာ၌ ကုန်ထုတ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

ကော့စိန်ကျေးရွာ၌ ကုန်ထုတ်တံတား အလျား ၂၅ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ရှစ်ပေရှိ ကုန်ထုတ်တံတား နှစ်စင်း တည်ဆောက်ခြင်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၅၈ ဒသမ ၆၂ သန်းဖြင့် မြတ်သံလွင်ကုမ္ပဏီက စက်တင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပါက ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ် သက်သာစွာဖြင့် ဈေးကွက်သို့အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

# ဆိပ်ဖြူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ Type -2 ပထမအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့်စိုက်ပျိုးစရိတ်များဝယ်ယူသုံးစွဲနိုင်စေရန်အတွက် ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ နေကြာကို အဓိကထားစိုက်ပျိုးကြစေလိုကြောင်း၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများကို စနစ်တကျ ဖြည့်သွင်းထားစေလိုကြောင်း၊ အရင်းအတိုးများ ပေးဆပ်ရာတွင်လည်း သတ်မှတ်ကာလအတွင်း အလေးထား ပေးဆပ်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ချင်တောင်ကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၁၉၆ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချင်တောင်ကျေးရွာအုပ်စု ချင်တောင်ကျေးရွာ၌ Type -2 အမျိုးအစားဖြစ်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းသို့ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ချင်တောင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နွဲ့ယဉ်**



# ပြဿနာအစ ပါးစပ်က

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"နှုတ်ရှိ သျှိတစ်ပါး"၊ "နှုတ်ကောင်းပြည်ရိုး"၊ "စကားဆိုထွေ သူလိုဓေ"၊ "ချစ်ဓေလို့ စံတွင်း လက်လေးသစ်၊ မုန်းဓေလို့ စံတွင်းလက်လေးသစ်"၊ "ရိုရိုပြောလျှင် နားယဉ်"၊ "နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ"၊ "အပြောမတတ်လျှင် ဆဲသည်နှင့်တူသည်"၊ "စကား စကား ပြောဖန်များ၊ စကားထဲက ဓာတ်ပြ"** ဟူသော ဆိုစကားများသည် ပါးစပ်မှ နှုတ်မှထွက်စကားများ၏ ကောင်းကျိုးဆိုးပြစ်များဖြစ်ကြပါသည်။

စကားကြောင့် မှုခင်းကြီးငယ်အသွယ်သွယ်ဖြစ်ပွားခဲ့ကြသလို တာဝန်ရှိလူကြီးတချို့လည်း ၎င်းတို့၏ စကားအမှားများကြောင့် ပြဿနာမျိုးစုံဖြစ်ပွားခဲ့ရပြီး ဝိုင်းဝန်းရှုတ်ချခြင်းကို ခံကြရပါသည်။ အငြိုးအတေးခံကြရပြီး ရန်များပါသည်။ ထို့ကြောင့် **ညောင်ပင်သာမေတ္တာစာတွင် "တံတားအို မှောင်ကိုမလျှောက်နှင့်။ စကားဆို တောင်လိုမမောက်နှင့်။ တံတားအို မှောင်ကို လျှောက်ကကျိုးတတ်သည်။ စကားဆို တောင်လို မောက်က ငြိုးတတ်သည်"** ဟု သတိပေးထားပါသည်။

စကားကြီး ၁၀မျိုးရှိသလို စကားအင်္ဂါလေးတန်လည်းရှိသည်။ (၁) သုဘာသိတာ=ကောင်းစွာပြောဆိုခြင်း၊ (၂) ပိယဝါစ=ချစ်ခင်နှစ်သက်ဖွယ်ပြောဆိုခြင်း၊ (၃) သစ္စာ=မှန်ကန်ဖြောင့်မတ်တည်ကြည်စွာပြောဆိုခြင်း၊ (၄) ဓမ္မ=သဘာဝကျပြီး လိုက်နာဖွယ်ရာပြောဆိုခြင်းဟူသော စကားကြီးလေးတန်ဖြစ်သည်။

**"စကား ခြောက်ခွန်း၊ လှူဒွတ်ခွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်"** ဟူ၍လည်း ဆုံးမထားကြသည်။

(၁) ဟုတ်မှန်၍ အကျိုးရှိပြီး ကြားရသူနာခံလို၏။ (၂) ဟုတ်မှန်အကျိုးရှိသော်လည်း ကြားရသူမနာခံလို။ ထိုစကားနှစ်မျိုးကိုပဲ ပြောဆိုသင့်ကြသည်။ ဟုတ်မှန်အကျိုးရှိသောစကားကိုမှ မနာခံလိုသူသည် စံလွဲနေသူ၊ ဖောက်ပြန်နေသူ၊ ကိုယ်ရေးကိုယ်တာကြောင့် နာလိုခံခက်ဖြစ်နေကြသူများသာ ဖြစ်ကြပါသည်။ (၃) ဟုတ်မှန်သော်လည်း အကျိုးမရှိ။ သူတစ်ပါးလည်း မနာခံလိုသောစကား၊ (၄) မဟုတ်မမှန်ပေမဲ့ အကျိုးရှိပြီး သူတစ်ပါးနာခံလိုသောစကား၊ (၅) မဟုတ်မမှန်သည့်အပြင် အကျိုးလည်းမရှိ သူတစ်ပါးနာခံလိုသောစကား၊ (၆) မဟုတ်မမှန်သည့်အပြင် အကျိုးလည်းမရှိ သူတစ်ပါးမနာခံလိုသောစကား။ ထိုစကားလေးခွန်းကို လုံးဝမကျင့်သုံးသင့်ပေ။

**မအူပင်မြို့ လေးအိမ်ရဆရာတော် အရှင်ဝိစိတ္တသာရ** ပြုစုထားသော **"စကားလက်ဆောင် တရားလက်ဆောင်"** စာအုပ်ကလေးထဲတွင် **"ပြဿနာအစ ပါးစပ်က"** ဟူသော စကားလက်ဆောင်လေးပါလာသည်။ **"ပါးစပ်မှာဓား၊ သတိထား၊ စကားဆင်ခြင်ပြော"** ဟူ၍လည်းကောင်း၊ **"ပါးစပ်မှာပေါက်၊ ကြောက်ဖွယ်အင်္ဂါ၊ လျှာဆိုသည့်ဓား၊ ထက်ပြားမုန်စွာ၊ မကောင်းစကား၊ ပြောကြားသောခါ၊ ထိုသည့်ဓား၊ ကိုယ့်အားဖြတ်သည်သာ"** ဟူ၍လည်းကောင်း ဓားနှင့်တူသောစကားကို ဆင်ခြင်ပြီးပြောဆိုရန် မီးမောင်းထိုးပြထားသည်။

**"အကျိုးမရှိ၊ ဆင်ခြင်ကြည့်၊ အကျိုးရှိမှပြော။ ပြောသင့်မပြောသင့်၊ ချိန်ဆချင့်၊ ပြောသင့်မှပြော"** ဆိုသည့် သတိပေးချက်သည် အလွန်ပင်မှန်ကန်လှပါသည်။ အရက်သေ့ကြွနေသော လူတလကို ဖျောင်းဖျနားချစကားပြောဆိုနေပါက လေကုန်လူပင်ပန်းပြီး စိတ်မချမ်းသာသောဝေဒနာကို ခံစားကြရလေ့ရှိပါသည်။ ကျွဲပါးစောင်းတီး အချည်းအနှီးသဘောပင်ဖြစ်သည်။ အရက်ကြောင်နေသူကို ဆုံးမဩဝါဒပေးမိပါက အသက်အန္တရာယ်ပြန်ပေးမှာ သေချာပါသည်။

လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတက်နေသူများကို ရွှေပြည်အေးတရားဟောကြားပြီး နားချဖျောင်းဖျနေလျှင်လည်း အမောသာအဖတ်တင်ကျန်နေပေလိမ့်မည်။ ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲကိုငုံ့ကြည့်လျှင် အရိပ်ထင်ရှီးထုံးစံမရှိသကဲ့သို့ အမှန်တရားကို မမြင်တော့ပေ။ အတ္တ၊ မာန၊ လောဘ၊ ဒေါသ၊ မောဟများ လွှမ်းမိုးအားကြီးနေသဖြင့် အမှားကိုအမှန်ထင်နေချိန်မျိုးတွင် ဝင်ရောက်နားချဖျောင်းဖျနေပါက သံသယဝင်ပြီး ရန်သူဟုပင် ထင်သွားနိုင်ပါသည်။ လင်မယားအချင်းများနေကြသည့်ကြား ဝင်တားမိသူ၊ ဖျန်ဖြေပေးသူများ ထိခိုက်ဒဏ်ရာရ သေဆုံးကြရခြင်းမှာ စကားကြောင့်ပင်ဖြစ်ပါသည်။

ကိုယ်ပြောသည့်စကားက အမှန်တရားဖြစ်ပြီး ချိုမြိန်သာယာဖွယ်ကောင်းလှသော်လည်း အမြင်ဝေဝါးဆင်ခြင်တရားကင်းမဲ့နေကြသူများကတော့ သူတို့နားဝမှာခါးနေကြလေရာ မှားပြီးရင်းမှားကာ အမှားသံသရာလည်နေကြပါသည်။

ပြောင်းရွှေ့ပေးရန် စီစဉ်ခဲ့ကြသည်။ ပြောင်းရွှေ့ခါနီးတွင် ဖျိုင်းနှစ်ကောင်က လိပ်ကိုကြိုတင်၍ သတိပေးထားခဲ့သည်။ သူတို့ကတုတ်တစ်ချောင်း၏ တစ်ဖက်ထိပ်များမှ ပါးစပ်များဖြင့် ကိုက်ချီကြမည်။ လိပ်ကတုတ်ချောင်းအလယ်ကို ပါးစပ်ဖြင့်ကိုက်ပြီး လိုက်ပါခဲ့ရမည်။ ထိုသို့လိုက်ပါလာရာတွင် ကိုယ်ရောနှုတ်ပါငြိမ်သက်စွာလိုက်ပါရမည်။ လမ်းခရီးတွင် မြင်တွေ့ကြားသိသမျှအားလုံးကို သည်းခံလျစ်လျူရှုပြီး ပြန်လည်တုံ့ပြန်မှုမပြုလုပ်ဘဲ လှုပ်ရှားမှုကင်းမဲ့စွာ အသံတိတ်လိုက်ပါရမည်ဟုသေသေချာချာသတိပေးပြီး ကယ်တင်ခဲ့ကြသည်။

သို့သော် ကောင်းကင်လမ်းခရီးတွင် အခြားသောကောင်းကင်သတ္တဝါများက လိပ်ကိုမခံချင်အောင် စကားများဖြင့် လှောင်ပြောင်ခဲ့ကြရာ လိပ်ကလည်း

> ❖ နှုတ်ခမ်းကိုလှပအောင် စွမ်းဆောင်ပြုလုပ်ပေးသောအရာမှာ နှုတ်ခမ်းဆိုးဆေးမဟုတ်ပါ။ ယဉ်ကျေးချိုသာ၊ မှန်ကန်စွာပြောဆိုခြင်းနှင့် တရားစာရွတ်ဖတ် သင်အံခြင်းသာဖြစ်ပါသည်။ နှုတ်နာပျောက်ကင်းလိုပါက မလိမ်ညာပါနှင့်။ အတင်းအဖျင်းမပြောပါနှင့်။ ကြမ်းကြမ်းတမ်းတမ်းမပြောပါနှင့်။ စကားပြောကြမ်းလျှင် လူမုန်းများတတ်သည်ဟု ရှေးလူကြီးသူမများက ပြောဆိုဆုံးမဩဝါဒပေးခဲ့ကြပါသည်။ ထို့ကြောင့် ဒေါသကြီးသူရဲ့ပါးစပ်မှာ ငရဲမီးဟာ အမြဲလောင်နေတယ်။ ❖

ထို့ကြောင့် **မန်လည်ဆရာတော်ကြီး**က **"သူမိုက်တိရစ္ဆာန်၊ နိဗ္ဗာန်စကား၊ အလွန်ဓါး၏၊ နားပါးမဝင်၊ သိမြင်မဲ့စွာ၊ သူယုတ်မာအား၊ ဖြင်းရာကောင်းဆိုး၊ ကြောင်းကျိုးတရား၊ မဟောကြားရာ၊ ဟောကြားပါက၊ အပြစ်ရ၏"** ဟု တားမြစ်သတိပေးထားပါသည်။ **"ကျွဲပါးစောင်းတီး အချည်းနှီး"၊ "ပလွေဆူညံ၊ နွားအကန်စံရ"** ဟူသော စကားများသည် လူယုတ်မာ၊ လူတလ၊ လူအန္ဓများကို စေတနာထားမိပါက ဝေဒနာခံစားကြရမည်ဖြစ်ကြောင်း သတိပေးထားခြင်းဖြစ်သည်။

**"ပြောသင့်မပြောသင့်၊ ချိန်ဆချင့်၊ ပြောသင့်ဓါမှပြော"** ဟူသောဆောင်ပုဒ်နှင့်ပတ်သက်၍ ရာဇဝင်တွင်ထင်ရှားသည့်သာဓကရှိခဲ့ပါသည်။ မင်းကြီးစွာစော်ကဲကို ဘုရင်ဖြစ်စေရန် နန်းတင်ပေးခဲ့သော ရာဇသင်္ကြံအမတ်ကြီးသည် ဘုရင်ကသူ့ကိုပြန်လည်မြှောက်စားမှုမပြုသောကြောင့် နန်းတွင်းမင်းညီမင်းသားမှူးမတ်များအလယ်တွင် ပန်းပွတ်သည်သား၊ ကောင်းစားနေသဖြင့်၊ ပန်းကပ်ပွဲကိုသာ၊ သုံးစွဲနေရကြောင်း ဘုရင်ကိုစောင်းမြောင်းလျှောက်တင်ခဲ့သည်။ ဘုရင်ကလည်း သူ၏မိခင်ပန်းပွတ်သည်ကို ထိပါးသည့်အပြင် သူ့ကိုပါအရှက်ခွဲသောကြောင့် မျက်မာန်တော်ရှပြီး ဘုရားပြီးလျှင် ငြမ်းဖျက်ရသည်ဆိုကာ ရာဇသင်္ကြံအမတ်ကြီးကို ဒလသို့နယ်နှင်ဒဏ်ပေးခဲ့ပါသည်။ အချိန်အခါချင့်ချိန်ပြီး ပြောသင့်မပြောသင့်မစဉ်းစားဘဲ ဆန္ဒကိုရှေ့တန်းတင်ပြီး ပြောဆိုမိ၍ မင်းပြစ်မင်းဒဏ်သင့်ရခြင်းဖြစ်ပါသည်။ **"အပြောမတော်တစ်ခွန်း"၊ "ဟုတ်ရာဆိုနာလိုစံကော်"၊ "ထင်တိုင်းလည်းမဆိုနှင့်၊ ဝင်တိုင်းလည်း မမျိုနှင့်"** ဟူသော ဆိုစကားများလည်း အကျုံးဝင်ပါသည်။

**"ကိုယ်ကိုချုပ်တည်းသော်လည်း၊ နှုတ်မစောင့်စည်းခြင်းကြောင့် ဘေးတွေ့တတ်သည်"** ဟူသော ဆိုစကားနှင့်သက်ဆိုင်သည့် သာဓကတစ်ရပ်ရှိခဲ့သည်။ ရေခန်းနေသော ရေကန်ထဲမှလိပ်ကို မိတ်ဆွေဖျိုင်းနှစ်ကောင်က ကယ်တင်ပြီး ရေရှိသောကန်ထဲသို့

သည်းမခံနိုင်တော့ဘဲ ပြန်လည်တုံ့ပြန်ရန်ပါးစပ်ကိုဟလိုက်သောကြောင့် မြေပြင်ပေါ်သို့ပြုတ်ကျ၍ သေဆုံးခဲ့ရသည်။ တချို့ကလည်း လူများကမြေပြင်ပေါ်မှာနေ၍ ဖျိုင်းနှစ်ကောင်က လိပ်သေကောင်ကြီးကို သယ်ဆောင်လာသည်ဟု အော်ဟစ်ပြောဆိုကြသည်ကို လိပ်ကဒေါသဖြစ်ပြီး ပြန်ပြောသောကြောင့် မြေပြင်ပေါ်သို့ပြုတ်ကျသေဆုံးရသည်ဟုဆိုကြသည်။ အဓိကအချက်မှာ နှုတ်မစောင့်စည်းမှုကြောင့် သေဆုံးရခြင်းဖြစ်သည်။

ကုန်းတိုက်၊ ခလောက်ဆန့်၊ အကောက်ကြံ၊ အတို့အထောင်လုပ်၊ ပုတ်ခတ်စွပ်စွဲသော **"ပိသုဏဝါစာ အယုတ်တမာစကား"** ပြောကြားသူများသည် လောကီမှာရော လောကုတ္တရာမှာပါ ဒုက္ခများစွာကို ခံစားကြရလေ့ရှိပါသည်။ သာဓကပေါင်းများစွာရှိပါသည်။

**"သူကရမှပေတာဝတ္ထု၊ ပူတိမုခပေတာဝတ္ထု"** ထဲမှ **ပေသုဏရဟန်း**၏ ဖြစ်ရပ်ကို မျှဝေပေးလိုပါသည်။ ဂေါတမဘုရားရှင်လက်ထက်က နာရဒထေရ်သည် ရာဇဂြိုဟ်မြို့တွင်းသို့ဆွမ်းခံကြွရန် ဂိဇ္ဈကုဋ်တောင်ပေါ်မှဆင်းသက်လာခဲ့ရာ တောင်ခြေတွင် လူကိုယ်နှင့်ဝက်ခေါင်းပြိတ္တာကြီးကို မြင်တွေ့လိုက်ရသောအခါ ဘာကြောင့် ယခုလိုဘဝမျိုးဖြစ်နေရပါသနည်းဟု မေးမြန်းခဲ့သည်။ ပြိတ္တာကြီးက ကဿပဘုရားရှင်လက်ထက်တွင် သူသည် **ပေသုဏရဟန်း** ဖြစ်ခဲ့စဉ်က တောရွာတစ်ရွာရှိ မထေရ်ကြီးနှစ်ပါး သီတင်းသုံးနေသော ကျောင်းသင်္ခမ်းတွင် ဝင်ရောက်နားခိုခဲ့သည်။ ပေသုဏရဟန်းသည် ကျောင်းသင်္ခမ်းကို လိုချင်လောဘဖြင့် အကျင့်သီလနှင့်ပြည့်စုံပြီး တစ်ပါးနှင့်တစ်ပါး မေတ္တာထားနေကြသောမထေရ်ကြီးနှစ်ပါးကို မတည့်အောင် ကုန်းချောကုန်းတိုက်လုပ်ပေးပြီး သွေးခွဲခဲ့သည်။ ထို့ကြောင့် ကျောင်းသင်္ခမ်းကိုရခဲ့သော်လည်း မှားမှန်းသိသွားကာ နောင်တရကြေကွဲပြီး ပျံလွန်တော်မူသွားသောအခါ အဝီစိငရဲတွင် ဘုရားတစ်ဆူပွင့်သည့်တိုင်အောင် ကျခံခဲ့ရသည်။

တစ်ခဏာသုခကိုမက်ပြီး ကုန်းချောကုန်းတိုက်လုပ်ခဲ့သောကြောင့် ဘဝပေါင်းကပ်ကမ္ဘာသိန်းချီပြီး ခံခဲ့ရသည်။ အဝီစိငရဲကလွန်ပြန်သော်လည်း ပိသုဏဝါစာအကုသိုလ်အကြွင်းအကျန်ကြောင့် ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တွင် ယခုလိုလူကိုယ်ဝက်ခေါင်းပြိတ္တာဖြစ်ခဲ့ရကြောင်း၊ နှုတ်မစောင့်ထိန်းမိသောကြောင့် ဝက်ခေါင်းနှုတ်တွင် ပိုးလောက်များက အတိတ်ကသရမ်းခဲ့သောပါးစပ်ကို ပြန်လည်ထိုးဖောက် စားသောက်နေကြသည်ကို ခံနေရပါကြောင်း သံဝေဂစကားဖြင့်ရှင်းပြဝန်ခံခဲ့ပါသည်။

**"ဝစီဘေဒ ထိတိုင်းရှ"** ဟူသောစကားနှင့်ပတ်သက်၍လည်း နိပါတ်တော်လာသာဓကရှိပါသည်။ နှစ်ကျိတ်ရှစ်ဆူသော ဘုရားရှင်တို့ထဲတွင်ပါဝင်သည့် **"သိခီဘုရားရှင်"** လက်ထက်အခါက ဘိက္ခုနီတစ်ပါးသည် တစ်နေ့သောအခါတွင် အဖော်ဘိက္ခုနီများနှင့်အတူ စေတီတစ်ဆူဝယ်လှည့်လည်ပူဇော်ခဲ့ကြသည်။ ရှေ့ဆုံးမှသွားနေသော ရဟန္တာဘိက္ခုနီသည် စေတီတော်ကိုလှည့်လည်ပူဇော်နေရင်းက နှာချေမိသဖြင့် စေတီရင်ပြင်တော်ပေါ်သို့ တံတွေးတစ်ပေါက်ကျသွားခဲ့ရသည်။ ထိုတံတွေးပေါက်ကို ဘိက္ခုနီတစ်ပါးကမြင်သောအခါ "အဘယ်ပြည့်တန်ဆာမသည် ဤနေရာ၌ တံတွေးထွေးခဲ့သနည်း" ဟု ဆဲရေးအပြစ်တင်ခဲ့သည်။ ထိုဆဲရေးအပြစ်တင်သော ဘိက္ခုနီသေဆုံးသောအခါ ငရဲသို့ကျခဲ့သည်။ ငရဲမှလွတ်မြောက်သောအခါ လူဘဝပေါင်းတစ်သောင်းတိုင်အောင် ပြည့်တန်ဆာမဘဝဖြင့်ရပ်တည်ခဲ့ရသည်။ နောက်ဆုံးဘဝ၌တွင်မူ ဝေသာလီပြည်တွင် **"အမ္ဗပါလီ"** အမည်ဖြင့် ပြည့်တန်ဆာဖြစ်ခဲ့ရသည်။

**"ပါးစပ်မှာဓား၊ လျှာဆိုသည့်ဓား"** က စကားဖြင့်သူများကို လှီးဖြတ်သလို ကိုယ့်ကိုယ်ကိုယ်လည်း ပြန်လည်လှီးဖြတ်လေ့ရှိသည်ကို ဇာတ်နိပါတ်တော်များက သာဓကပြထားသည်မှာ လွန်စွာပင်ကြောက်လန့်စရာကောင်းလှပါသည်။

**"ကိုယ်အမူအရာ၊ စက်ထန်ကြမ်းတမ်းရင်၊ အဖယုတ်တဲ့သား၊ နှုတ်အမူအရာကြမ်းတမ်းရင် အမိယုတ်တဲ့သား"** ဟု ပြောဆိုနေခဲ့ကြပါသည်။ ထို့ကြောင့် **သုတရတနာဆုံးမစာ**တွင် **"စကားယွင်းဇတ်၊ အဆိုနှုတ်မူ၊ အမိယုတ်သည့်သား"** ဟုဆိုထားပါသည်။ မိမိစကားပြောရမ်းကားမှုကြောင့် မိခင်ကိုပင် ထိခိုက်စေရာဆင်ခြင်သင့်ပါသည်။

နှုတ်ခမ်းကိုလှပအောင် စွမ်းဆောင်ပြုလုပ်ပေးသောအရာမှာ နှုတ်ခမ်းဆိုးဆေးမဟုတ်ပါ။ ယဉ်ကျေးချိုသာ၊ မှန်ကန်စွာပြောဆိုခြင်းနှင့် တရားစာရွတ်ဖတ်သင်အံခြင်းသာဖြစ်ပါသည်။ နှုတ်နာပျောက်ကင်းလိုပါက မလိမ်ညာပါနှင့်။ အတင်းအဖျင်းမပြောပါနှင့်။ ကြမ်းကြမ်းတမ်းတမ်းမပြောပါနှင့်။ စကားပြောကြမ်းလျှင် လူမုန်းများတတ်သည်ဟု ရှေးလူကြီးသူမများက ပြောဆိုဆုံးမဩဝါဒပေးခဲ့ကြပါသည်။

ထို့ကြောင့် **"ဒေါသကြီးသူရဲ့ပါးစပ်မှာ ငရဲမီးဟာ အမြဲလောင်နေတယ်။ အတင်းအဖျင်းပြောသူရဲ့ ပါးစပ်မှာ မြွေဟောက်ဟာ အမြဲခွေနေတယ်။ ပါရမီရှိသူရဲ့ပါးစပ်မှာ ပညာဗဟုသုတဟူသမျှဟာ ပုလဲရတနာဖြစ်နေတယ်။ ပါရမီမရှိသူရဲ့ပါးစပ်မှာ ပညာဗဟုသုတဟူသမျှဟာ ဖွဲပြာဖြစ်နေတတ်။ စကားများလွန်းသူဟာ အရူးလိုပဲ အကြည်ညိုတန်တယ်။ တိတ်တိတ်နေတာက ထောင်တန်တယ်။ ပါးစပ်ကိုပိတ်၊ စိတ်ကိုနိုပ် နိဗ္ဗာန်ရောက်မယ့်စိတ်"** ဟု တရားစခန်းများတွင် တရားပြသူများက လမ်းညွှန်ပြနေလေရာ လိုက်နာသင့်ပါသည်။

**"စကားများက အမှားပါတတ်သည်"၊ "ငါ့စကားနွားရ"၊ "ဒေါသကြီးသူစကားတို"၊ "အပြောမတော်တစ်ခွန်း"** ဟူသော ဆိုစကားများနှင့် အကျုံးဝင်ပါသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုပို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

## တွန်းလှန်မောင်းထုတ်ကြပါစို့

- ရှေးရိုးစဉ်လာ မျိုးမြန်မာတို့
ပြုံးကာရွှင်ကာ ချစ်ခင်စွာဖြင့်
ကြင်နာယုယ ကြည်နူးကြသည့်
လှပသာယာ ပြည်မြန်မာကို
ကမ္ဘာကပင် ချစ်ကျွမ်းဝင်လျက်
ထွက်ဝင်သွားလာ ဆက်ဆံခါဖြင့်
သာယာကြည်သာ ဖွံ့ဖြိုးလာ၍
မနာလိုသူ ဝန်တိုသူတို့
ငြူစူစိတ်ထား မုန်းစကားဖြင့်
လွဲမှားသပ်လျို နှုတ်ချိုချိုဖြင့်
မလိုမုန်းထား တိုင်းရင်းသားတို့
ယုံမှားသွေဖည် သူကြံစည်၍
တိုင်းပြည်ငြိမ်းအေး ညီညွတ်ရေးကို
သွေးခွဲစွက်ဖက် ဝင်နှောင့်ယှက်၍
တိုင်းပျက်ပြည်ပျက် လူမျိုးပျက်အောင်
ကြံဆောင်နေသူ မျိုးဖျက်သူကို
ဝိုင်းကူဆွဲချ ဖော်ထုတ်ပြလျက်
မြုမှုမချန် မကြွင်းကျန်အောင်
တွန်းလှန်ဖော်ထုတ် အမြစ်ဖြုတ်၍
တိုက်ထုတ်နှိမ်နင်းကြပါစို့။ ။

**မင်းရွှေမင်း(တောင်ကုတ်)**

# ယခုနှစ် ဧပြီလမှ စက်တင်ဘာလထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၁၅ ဒသမ ၉၉၂ သန်း ရရှိခဲ့

**နေပြည်တော် အောက်တိုဘာ ၁၃**

ယခုနှစ် ဧပြီလမှ စက်တင်ဘာလထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၁၅ ဒသမ ၉၉၂ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ အပတ်စဉ်၊ လစဉ် တင်ပို့ရောင်းချပေးလျက်ရှိရာ ယခုနှစ် ဧပြီလမှ စက်တင်ဘာလထိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၉၀၄၇၄၅ ဒသမ ၁ တန်တင်ပို့ရောင်းချပေးနိုင်ခဲ့သဖြင့် နိုင်ငံခြားဝင်ငွေအမေရိကန်ဒေါ်လာ ၃၁၅ ဒသမ ၉၉၂ သန်းထိ နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း၊ ထိုသို့တင်ပို့ရောင်းချပေးခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၇၈၃ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၅၁၇၅၇၃ ဒသမ ၉ တန်နှင့် အမေရိကန်ဒေါ်လာ ၁၂၆ ဒသမ ၂၀၉ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၃၈၇၂၀၁ ဒသမ ၂ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ခြောက်လတာကာလအတွင်း ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၃၈ နိုင်ငံထိ တင်ပို့ရောင်းချပေးခဲ့ပြီး တင်ပို့ရောင်းချပေးခဲ့သည့်ဆန်များမှာ ပေါင်းဆန်၊ ပုံမှန်ဆန်နှင့်ဆန်ကွဲများကို တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပေါင်းဆန်တင်ပို့မှုမှာ ငါးရာခိုင်နှုန်း၊ ဆန်ကွဲတင်ပို့မှုမှာ ၄၂ ရာခိုင်နှုန်းနှင့် ပုံမှန်ဆန်တင်ပို့မှုမှာ ၅၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် ပြည်ပသို့ ဆန်တင်ပို့မှုရှိနေသော်လည်း မိုးစပါးများလှိုင်လှိုင်ထွက်ရှိလာနေပြီဖြစ်သောကြောင့် ဈေးကွက်သို့ ဆန်ဝင်ရောက်မှုများနေပြီး ဆန်ဈေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း၊ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်သို့ ဆန်ဝင်ရောက်မှုမှာ နှစ်ဆခန့် မြင့်တက်လာခဲ့ကြောင်း သိရသည်။

SKL



# ပွင့်ဖြူမြို့နယ် ဖလံတောကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး

**ပွင့်ဖြူ အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာတွင်းလမ်းများ ရေရှည်ပိုမိုကောင်းမွန်ခိုင်ခံ့စေရန်အတွက် ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဖလံတောကျေးရွာတွင် မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဖလံတောကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၄၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး စနစ်တကျဆောင်ရွက်ရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်းပုံပိုးငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၁သိန်း စုစုပေါင်း ငွေကျပ် ၁၁၁ သိန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီမံခန့်ခွဲမှုဖြင့် စက်တင်ဘာ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၂ ရက်ထိ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**ဇင်မာ**

➤ စာမျက်နှာ ၄ မှအဆက်

လူမဆိုထားနှင့်။ တိရစ္ဆာန်နွားသည်ပင်လျှင် စကားပြောကြမ်းတမ်းသည်ကို လက်မခံပေ။ ချိုသာယဉ်ကျေးသောစကားကိုသာ နှစ်သက်လက်ခံသည်။ ဇာတ်နိပါတ်တော်လာ ဘုရားအလောင်းတော် နွားလားဥသဘဘဝတွင် နွားလှည်းပြိုင်ပွဲကျင်းပခဲ့ရာ လှည်းမောင်းသူက ဘုရားအလောင်းနွားလားဥသဘကို ကြမ်းတမ်းစွာ ဆဲဆိုကြိမ်းမောင်းသည့်အပြင် ကြိမ်လုံးဖြင့် ရက်ရက်စက်စက်ရိုက်နှက်မောင်းနှင်ခဲ့သဖြင့် နွားလားဥသဘက စိတ်ဓာတ်ကျအားငယ်ပြီး မပြေးသည့်အတွက် ရှုံးနိမ့်သွားခဲ့သည်။ နောက်တစ်ကြိမ် ထပ်မံပြိုင်ကြသောအခါ လှည်းသမားက "ဖေ့သားကြီးကလိမ္မာပါတယ်ကွာ။ ဖေကြီးကိုကူညီပါသားကြီးရာ။ ကဲ တို့သားအဖတွေ နိုင်အောင်ကြိုးစားကြပါစို့ကွာ"ဟု ချိုချိုသာသာ လိမ္မာယဉ်ကျေးစွာဖြင့် နွား၏ကျောကို ပွတ်သပ်ချော့မော့ပြီး ယှဉ်ပြိုင်ပါလေမှ အနိုင်ရရှိခဲ့ပါသည်။

ထို့ကြောင့် **"သုဘာသိတာဝ ယောဝါစေ"** = "မှန်ကန်ယဉ်ကျေး၊ ချိုသာအေး၊ ဆိုရေးတတ်ပါစေ"ဟု (၃၈)ဖြာမင်္ဂလာထဲတွင် ညွှန်းဆိုထားပါသည်။

ပါးစပ် ပါးစပ် ကောင်းကျိုးပေးတာလည်း သည်ပါးစပ်၊ ဆိုးကျိုးပေးတာလည်း သည်ပါးစပ်။ ထိုထို့ဤဤ အနှိပ်ပါးစပ်များကို ထိန်းချုပ်နိုင်ကြပါက ပြဿနာများကင်းဝေးပြီး အေးချမ်းသာယာစွာရပ်တည်သွားနိုင်ကြပေမည်။

ပါးစပ်သည် စားသောက်ရန်နှင့် စကားပြောရန်အတွက်ဖြစ်သည်။ **"အားနာစာ မစားနှင့်၊ နမြောစာ မစားနှင့်၊ မတည့်စာ မစားနှင့်၊ လိုတာထက် ပိုမစားနှင့်" "သောကကိုရှောင်၊ ဝအောင်မစား၊ လှုပ်ရှားကိုယ်လက်၊ ဤသုံးချက်၊ အသက်ရှည်ကြောင်းတည်း"**ဟု စားသောက်ရေးအတွက် သတိပေးထား၏။ စကားနှင့်ပတ်သက်၍ ကား ဩဝါဒ၊ ဆုံးမစာ၊ စကားပုံ၊ ဓမ္မလင်္ကာ၊ သံပေါက် မြောက်မြားစွာရှိပါသည်။

အစားမှားလျှင် ကျန်းမာရေးထိခိုက်သလို စကားမှားလျှင် အရှက်သိက္ခာကျသည့်အပြင် ရန်လည်းများတတ်သည်။ လူအထင်သေး၊ အမြင်သေးပြီး ရှုတ်ချဝိုင်းပယ်ခြင်းခံကြရသည်။ တမလွန်ဘဝသို့ ရောက်သွားပါက အပါယ်လားပြီး ငြိတ္တာဖြစ်သွားကြပေလိမ့်မည်။ ထို့ကြောင့် **"နှုတ်ကြောင့်သေ"**အမှုပွေ ဒုက္ခပင်လယ်ဝေခြင်းဘေးမှ ကင်းဝေးအောင် အသိသတိကိုယ်စီဖြင့် နှုတ်စည်း၊ ပါးစပ်စည်း စောင့်ထိန်းကြစေချင်ပါသည်။

သို့ဖြစ်ရာ **"သူ့ကိုမမှား၊ မလှည့်စားနှင့်၊ စကားမြေည်၊ မြွက်သည်စေ၊ ပြောသမျှကို မှန်လုစေ" "တစ်ယောက်စကား တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာလိုချိုလုစေ"**ဟု **ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်သာဆုံးမစာ**နှင့်အညီ လိုက်နာကျင့်သုံးကြစေချင်ပါသည်။

စာပေမြင့်မှ လူမျိုးတင့်မည်

## နိုင်ငံတကာ သတင်းများ

# ဒေသတွင်းအဖွဲ့အစည်းများနှင့်ကျင်းပမည့်ဆွေးနွေးပွဲ တက်ရောက်ရန် ကာဇက်စတန်နိုင်ငံသို့ သမ္မတပူတင် ရောက်ရှိ



**အက်စ်တာနာ အောက်တိုဘာ ၁၃**

ဒေသတွင်း အဖွဲ့အစည်းများနှင့် ကျင်းပမည့်ဆွေးနွေးပွဲများ တက်ရောက်ရေးအတွက် ရုရှားသမ္မတ ပူတင်သည် ကာဇက်စတန်နိုင်ငံသို့ ယနေ့တွင် ရောက်ရှိနေကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတပူတင်သည် အာရှဒေသတွင်းအပြန်အလှန်ဆက်ဆံရေးနှင့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များဆိုင်ရာ ထိပ်သီးညီလာခံသို့ တက်ရောက်ရန် စီစဉ်ထားသည်။

အဆိုပါညီလာခံသို့ သမ္မတပူတင်နှင့်အတူ တူရကီသမ္မတ အာဒိုဂန်အပါအဝင် အာရှခေါင်းဆောင်အများအပြားလည်း တက်ရောက်ကြမည်ဖြစ်သည်။

ကာဇက်စတန်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း သမ္မတ ပူတင်သည် တူရကီခေါင်းဆောင် အာဒိုဂန်၊ ကာတာခေါင်းဆောင် ဇော်ဘွား ရှိတ်ခ်တာမင်ဘင်ဟာမက်အယ်လ်သာနီတို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးဖွယ်ရှိသည်။

ယူကရိန်းပြဿနာကို အကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများနှင့် တင်းမာမှုများ မြင့်တက်နေစဉ် ရုရှားသမ္မတပူတင်သည် ဒေသတွင်းညီလာခံများအတွက်ကာဇက်စတန်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတပူတင်၏ ကာဇက်စတန်ခရီးစဉ်နှင့် ပတ်သက်၍ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကတစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

KKO

# တာဝေးပစ် ခရုစ်ဒုံးကျည်များပစ်လွှတ်မှု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ကွပ်ကဲ

**ပြုံယမ်း အောက်တိုဘာ ၁၃**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် တာဝေးပစ်မဟာဗျူဟာမြောက်ခရုစ်ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်လွှတ်မှုကို အောက်တိုဘာ ၁၂ ရက်တွင် ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား လက်နက်ကိုင်တပ်များ ဖြန့်ကြက်ထားသော ချူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သည့်လက်နက်များ၏ စိတ်ချယုံကြည်ရမှုကို အတည်ပြုရေးအတွက် တာဝေးပစ်ခရုစ်ဒုံးကျည်များစမ်းသပ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက ယနေ့တွင် စတင်ထုတ်ပြန်ထားသည်။

မည်သည့်စစ်ရေးအကျပ်အတည်းမျိုးကိုမဆို ဟန့်တားရေးအတွက် မြောက်ကိုရီးယား နိုင်ငံအနေဖြင့် မဟာဗျူဟာချူကလီးယားတပ်များ စစ်ဆင်နိုင်သည့်အကျယ်အဝန်းကို ဆက်လက်ချဲ့ထွင်ရန် လိုကြောင်း ဒုံးကျည်စမ်းသပ်မှုပြုလုပ်ပြီးနောက် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်းပြုလုပ်ခဲ့သော နည်းဗျူဟာမြောက်ချူကလီးယား စစ်ဆင်ရေး လေ့ကျင့်မှုများကိုလည်း ကိုယ်တိုင်ကွပ်ကဲခဲ့ကြောင်း ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

ကေစီအင်န်အေ သတင်းဌာန၏ အဆိုအရ အောက်တိုဘာ ၁၂ ရက်တွင် ပစ်လွှတ်ခဲ့သော ခရုစ်ဒုံးကျည်နှစ်စင်းသည် ၁၀၂၃၄ စက္ကန့်ကြာ ပျံသန်းခဲ့ပြီး ကီလိုမီတာ ၂၀၀၀ အကွာတွင်ရှိသည့်ပစ်မှတ်ကို ထိမှန်ခဲ့သည်။

အဆိုပါဒုံးကျည် စမ်းသပ်မှုကို အချိန်နှင့်တစ်ပြေးညီ အနီးကပ်စောင့်ကြည့်နိုင်ခဲ့ပြီးအချက်အလက်စိစစ်မှုများ ပြုလုပ်နေသည်ဟု တောင်ကိုရီးယားအစိုးရက ပြောကြားထားကြောင်း သိရသည်။

KKO

# သမ္မတသစ်ရွေးချယ်ရေး လွှတ်တော်အစည်းအဝေးကို အောက်တိုဘာ ၂၀ ရက်သို့ လက်ဘနွန်ရွှေ့ဆိုင်း

**ဘေရွတ် အောက်တိုဘာ ၁၃**

လက်ဘနွန်လွှတ်တော် ဥက္ကဋ္ဌ နာဘီဘာရီသည် ယနေ့ သမ္မတသစ်ရွေးချယ်ရေး လွှတ်တော်အစည်းအဝေးကို အောက်တိုဘာ ၂၀ ရက်သို့ ရွှေ့ဆိုင်းထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



သမ္မတသစ်တစ်ဦး သွားရောက်ရေးအတွက် လုံလောက်သည့် အနည်းဆုံးထောက်ခံမဲပမာဏကို ပထမအကျော့မဲခွဲပွဲ၌ ရယူနိုင်မှု မရှိခဲ့ခြင်းကြောင့် သမ္မတရွေးချယ်ရေးဆိုင်ရာ လွှတ်တော်ဆွေးနွေးပွဲကို လက်ဘနွန်လွှတ်တော်ဥက္ကဋ္ဌက ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

လက်ဘနွန် လွှတ်တော်သည် စက်တင်ဘာ ၂၉ ရက်တွင် သမ္မတသစ်ရွေးချယ်ရေးပထမအဆင့်မဲခွဲပွဲကို ကျင်းပခဲ့ရာ မည်သည့်သမ္မတလောင်းကမျှ အနည်းဆုံးလိုအပ်သည့် ထောက်ခံအရေအတွက်ကို မရခဲ့ကြောင်း သိရသည်။

လက်ရှိ လက်ဘနွန်သမ္မတ မိုက်ကယ်အောင်း၏ ရာထူးသက်တမ်းသည် လာမည့်အောက်တိုဘာ ၃၁ ရက်တွင် ပြည့်မည်ဖြစ်ရာ ယင်းကာလမတိုင်မီ လက်ဘနွန်လွှတ်တော်အနေဖြင့် သမ္မတသစ်တစ်ဦး ရွေးချယ်ပေးရမည်ဖြစ်သည်။

လက်ဘနွန်နိုင်ငံ၌ သမ္မတတစ်ဦး၏ ရာထူးသက်တမ်းသည် ခြောက်နှစ်ရှိပြီး သမ္မတ ရာထူးသက်တမ်းကိုထပ်တိုးခွင့်မရှိကြောင်း သိရသည်။

ယနေ့တွင် ကျင်းပမည့် သမ္မတရွေးချယ်ပွဲ၌လည်း စက်တင်ဘာ ၂၉ ရက် ရလဒ်မျိုးသာထွက်လာနိုင်သည်ဖြစ်ရာ သမ္မတရွေးချယ်ပွဲကို နောက်ဆုတ်ခဲ့ရခြင်း ဖြစ်ကြောင်း လက်ဘနွန် လွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

KKO

# နှစ် ၅၀ အတွင်း ကမ္ဘာ့တောရိုင်းသတ္တဝါကောင်ရေ ၆၉ ရာခိုင်နှုန်း ကျဆင်းခဲ့ဟု WWF ထုတ်ပြန်

**လန်ဒန် အောက်တိုဘာ ၁၃**

၁၉၇၀ ပြည့်နှစ် နောက်ပိုင်း နှစ် ၅၀ ကြာကာလအတွင်း ကမ္ဘာပေါ်ရှိ တောရိုင်းသက်ရှိများကောင်ရေသည် ၆၉ ရာခိုင်နှုန်းကျဆင်းခဲ့ရကြောင်း နိုင်ငံတကာတောရိုင်းသတ္တဝါများကာကွယ်ရေးရန်ပုံငွေအဖွဲ့(WWF)၏အဆိုကိုကိုးကား၍ ရိုက်တာသတင်းဌာနက အောက်တိုဘာ ၁၂ ရက်တွင်ဖော်ပြခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ တောရိုင်းသက်ရှိများကောင်ရေသည် ပြီးခဲ့သည့်နှစ် ၅၀ အတွင်း ပျမ်းမျှအားဖြင့် ၆၉ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း WWF က အောက်တိုဘာ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကမ္ဘာ့တောရိုင်း သက်ရှိများ ကောင်ရေကျဆင်းလာမှု၏ အဓိကအကြောင်းအရင်းများမှာသစ်တောပြုန်းတီးမှု၊ ရာသီဥတုပြောင်းလဲမှု၊ လူသားတို့၏ပယောဂနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ကြကြောင်း WWFအစီရင်ခံစာ၌ သုံးသပ်ထားသည်။

ကမ္ဘာ့ဒေသကြီးများ အနက်လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတို့မှာ တောရိုင်းသတ္တဝါကောင်ရေကျဆင်းမှု အများဆုံး ကမ္ဘာ့ဒေသများဖြစ်ပြီး ကောင်ရေအားဖြင့် ၉၄ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်။

WWFသည် မျိုးစိတ်ပေါင်း ၅၀၀၀ ကျော် အကျုံးဝင်သည့် တောရိုင်းသတ္တဝါ အမျိုးအစား ၃၂၀၀၀ တို့ကို အခြေခံ၍ ကမ္ဘာတစ်ဝန်းတောရိုင်း သတ္တဝါကောင်ရေကျဆင်းလာမှုပြဿနာကိုတင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO



# ပါကစ္စတန်နိုင်ငံ၌ ရေဘေးဒုက္ခသည်များ လိုက်ပါလာသည့် ဘတ်စကားမီးလောင် အနည်းဆုံး လူ ၁၈ ဦး သေဆုံး

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၁၃**

ပါကစ္စတန်နိုင်ငံ၌ ရေဘေးဒုက္ခသည်များ လိုက်ပါလာသည့် ဘတ်စကားတစ်စီး အောက်တိုဘာ ၁၂ ရက်တွင် မီးလောင်ကျွမ်းခဲ့ရာ အနည်းဆုံး လူပေါင်း ၁၈ ဦးသေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဘတ်စကားသည် မောင်းနှင်နေစဉ်အတွင်း မီးလောင်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများထဲတွင် ကလေးနှစ်ဦးနှင့် အမျိုးသမီး ကိုးဦးတို့ပါဝင်ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါ ဘတ်စကားပေါ်၌ လိုက်ပါလာသူများမှာ ကရာချိမြို့မှ ဇာတိမြို့ဖြစ်သည့် ခိုင်ရာပူရ်နှင့် နာသန်ရှားမြို့သို့ ပြန်လည်သွားရောက်မည့် ရေဘေးဒုက္ခသည်များ ဖြစ်ကြသည်။

ယင်းဘတ်စကားသည် လေအေးပေးစနစ် လျှပ်စီးပတ်လမ်းပြဿနာ တစ်ရပ်ကြောင့် မောင်းနှင်နေစဉ် မီးလောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သို့သော် ဘတ်စကားမီးလောင်ကျွမ်းမှုဖြစ်ပွားရာ နေရာသည် နယ်မြေခံရဲစခန်း၊ မီးသတ်စခန်းများ အနီးတည်ရှိမှုကြောင့် ခရီးသည်များကို ကယ်တင်နိုင်ခဲ့သည်။

မုတ်သုံရာသီ ကာလအတွင်း ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ ရေလွှမ်းမိုးမှုများဖြစ်ပွားနေစဉ် အနီးတစ်ဝိုက်ဒေသများမှ ရေဘေးဒုက္ခသည်များသည် ကရာချိမြို့သို့ လာရောက်ခိုလှုံခဲ့ကြပြီး ရေပြန်ကျချိန်တွင် ဇာတိရပ်ရွာများသို့ ပြန်လည်ထွက်ခွာနေကြပြီ ဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာမြေပေါ်၌ လက်ရှိလူအများသိထားပြီးဖြစ်သော သမုဒ္ဒရာငါးစင်းအပြင် ဆဌမမြောက်သမုဒ္ဒရာတစ်စင်း တည်ရှိနေနိုင်



**ဘာလင် အောက်တိုဘာ ၁၃**

ကမ္ဘာမြေပေါ်၌ လက်ရှိ လူအများသိထားပြီးဖြစ်သည့်သမုဒ္ဒရာငါးစင်းအပြင် ဆဌမမြောက် သမုဒ္ဒရာတစ်စင်းလည်း တည်ရှိနေနိုင်ကြောင်း Science News သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၂ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ဆဌမမြောက်သမုဒ္ဒရာသည် ကမ္ဘာ့အတွင်းကျောက်သားလွှာ၏ အထက်လွှာနှင့်အောက်လွှာများကြား တည်ရှိနေနိုင်ကြောင်း ဂျာမနီနိုင်ငံ ဖရန့်ဖတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ဂျာမနီ သိပ္ပံပညာရှင်များသည် အာဖရိကတိုက် ဘော့စ်ဝါနာနိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့ရသည့်စိန်တစ်ပွင့်ကိုလေ့လာခဲ့ပြီးနောက် ဆဌမမြောက် သမုဒ္ဒရာတည်ရှိနိုင်မှု အထောက်အထားများကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

လေ့လာချက် ရလဒ်များအရ အဆိုပါစိန်၌ ရေဓာတ်အမြောက်အမြား ပါဝင်နေသည်ဖြစ်ရာ ၎င်းစိန်တည်ရှိရာနေရာ၌ ရေထုတစ်ခုတည်ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါစိန်ပွင့်ကို ကမ္ဘာ့အတွင်းကျောက်လွှာ၏ အထက်လွှာနှင့် အောက်လွှာကို ပိုင်းခြားထားသော နယ်စည်းနယ်မြေဖြစ်သည့် ကမ္ဘာ့မြေအောက်အနက် မိုင် ၄၀၀ တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အတွင်း ကျောက်လွှာ၏ အထက်လွှာနှင့် အောက်လွှာကြားတည်ရှိနေသော ရေထု၏ ပမာဏသည် ကမ္ဘာ့သမုဒ္ဒရာကြီးငါးစင်း၏ စုစုပေါင်းရေထုထက် အဆပေါင်းများစွာ ပိုများနိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။ KKO

## နာဆာ၏ဒရာဂွန်ဖလိုင်းအာကာသယာဉ် လွှတ်တင်ပြီးချိန်တွင် တိုက်တန်ဂြိုဟ်ရံလပေါ်ရှိ သဲသောင်ခုံတန်းများနှင့်ရေခဲအောက်ခံလွှာများတည်ရှိရာနယ်မြေ၌ ဆင်းသက်မည်

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဒရာဂွန်ဖလိုင်းအာကာသယာဉ်သည် လွှတ်တင်ပြီးချိန်တွင် စနေဂြိုဟ်၏အကြီးဆုံးဂြိုဟ်ရံလဖြစ်သော တိုက်တန်ဂြိုဟ်ရံလပေါ်ရှိ သဲသောင်ခုံတန်းများနှင့် ရေခဲအောက်ခံလွှာများတည်ရှိရာနယ်မြေ၌ ဆင်းသက်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၂ ရက်က ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် တိုက်တန်ဂြိုဟ်ရံလ လေ့လာရေးမစ်ရှင်အတွက် ဒရာဂွန်ဖလိုင်းအာကာသယာဉ်ကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

ပန်ကာတပ်စက်ရုပ်အာကာသယာဉ်အမျိုးအစားဖြစ်သည့်ဒရာဂွန်ဖလိုင်းအာကာသယာဉ်သည် ၂၀၃၄ ခုနှစ်တွင် တိုက်တန်ဂြိုဟ်ရံလဆီသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။



နှစ်နှစ်ကျော်ကြာမစ်ရှင်အတွင်း ဒရာဂွန်ဖလိုင်း အာကာသယာဉ်သည် တိုက်တန်ဂြိုဟ်ရံလ၏ သဲသောင်ခုံနှင့် ရေခဲပြင်လွှာနယ်မြေပေါ်သို့ လေထီးအကူအညီဖြင့် ခေတ္တခဏ ဆင်းသက်လေ့လာမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ရှန်ဂရီလာဟု အမည်ပေးထားသည့် အဆိုပါနယ်မြေသည် တိုက်တန်ဂြိုဟ်ရံလလေထုလွှာအတွင်းရှိ ဟိုက်ဒရိုကာဗွန်မြူမှုန်များ သိပ်သည်းစွာဖုံးလွှမ်းထားသည့် နယ်မြေဖြစ်ကြောင်း သိရသည်။

သို့ရာတွင် တိုက်တန်ဂြိုဟ်ရံလ၏ ရှန်ဂရီလာနယ်မြေကို နာဆာ၏ ကတ်ဆီနီ အာကာသယာဉ်က ဓာတ်ပုံ ရိုက်ကူးပေးနိုင်ခဲ့ကြောင်း သိရသည်။ KKO

## နဂါးငွေ့တန်းကြယ်စုပြင်ပ၌ ကြယ်သေရုပ်ကြွင်းများစုဝေးနေသော အာကာသနယ်မြေတစ်ခုတည်ရှိ

**ကင်ဘာရာ အောက်တိုဘာ ၁၃**

နဂါးငွေ့တန်းကြယ်စုပြင်ပ၌ ကြယ်သေရုပ်ကြွင်းများ စုဝေးနေသော အာကာသနယ်မြေတစ်ခု တည်ရှိနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၂ ရက်က ရေးသားတင်ပြထားသည်။

သို့ရာတွင် အဆိုပါကြယ်သေသချိုင်းများသည် နဂါးငွေ့တန်းကြယ်စုအတွင်းထဲတွင်မရှိဘဲ အပြင်ဘက်တွင်ရှိနေသည်ဟု ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါ ကြယ်တာရာသင်္ချိုင်းအတွင်းရှိ ကြယ်သေရုပ်ကြွင်းများသည် ကြယ်ပေါက်ကွဲမှုများ၏ အားအရှိန်ကြောင့် နဂါးငွေ့တန်းကြယ်စုပြင်ပသို့ လွင့်ထွက်ခဲ့ရသော ကြယ်သေရုပ်ကြွင်းများ ဖြစ်ကြကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ကြယ်ပေါက်ကွဲမှုများ၏ တွန်းအားကြောင့် အဆိုပါကြယ်သေရုပ်ကြွင်းများသည် တစ်နာရီလျှင် ကီလိုမီတာ သန်းနှင့်ချီရှိသည့် အမြန်နှုန်းဖြင့် ကြုံရာအရပ်သို့ လွင့်ထွက်ခဲ့ရကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားသည်။

နဂါးငွေ့တန်းကြယ်စုရှိ ရှေးကျသော ကြယ်များ၏ ရုပ်ကြွင်းအားလုံးနီးပါးတို့မှာ ကြယ်ပေါက်ကွဲမှုများ၏တွန်းအားကြောင့် ကြယ်စုပြင်ပရှိ ကြယ်တာရာသင်္ချိုင်းသို့ ရောက်ရှိသွားခဲ့ရကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၃ ဘီလီယံခန့်က စတင်ပေါ်ထွက်ခဲ့သည့် နဂါးငွေ့တန်းကြယ်စု၏ ရှေးအကျဆုံးကြယ်များသည် သက်တမ်းကုန်ဆုံးပြီးနောက် ကြယ်သေရုပ်ကြွင်းပုံစံနှစ်မျိုးဖြစ်သည့် နျူထရွန်ကြယ်များနှင့် အာကာသတွင်းနက်များအဖြစ် ပြောင်းလဲသွားတတ်ကြောင်း သိရသည်။ KKO

# HEALTH

## ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ခံစားရသူအများစုမှာ အမျိုးသမီးလူနာများဖြစ်

**နယူးယောက် အောက်တိုဘာ ၁၃**

၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်ကြားကာလအတွင်း ကိုဗစ်ရောဂါ ပျောက်ကင်းသွားသော်လည်း ရောဂါလက္ခဏာများရေရှည်ဆက်လက်ခံစားရသူ အများစုမှာ အမျိုးသမီးများ ဖြစ်ကြကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ယူပီအိုင်သတင်းဌာနက အောက်တိုဘာ ၁၂ ရက်က ရေးသားတင်ပြထားသည်။

၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်ကြားကာလတွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကိုဗစ်ရောဂါလူနာများအနက် ၆ ဒသမ ၂ ရာခိုင်နှုန်းမှာ ရောဂါလက္ခဏာများ ရေရှည်ဆက်လက်ခံစားခဲ့ရကြောင်း သိရသည်။

ကိုဗစ်ရောဂါ လက္ခဏာများ ရေရှည်ဆက်လက် ခံစားရသူများအနက် သုံးပုံနှစ်ပုံ သို့မဟုတ် ၆၃ ဒသမ ၂ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါလူနာများအနက် အနည်းဆုံး အသက် ၂၀ အရွယ်အမျိုးသမီးလူနာများကြား ရောဂါလက္ခဏာ ရေရှည်ဆက်လက်ခံစားရသူ ရာခိုင်နှုန်းမှာ ၁၀ ဒသမ ၆ ရာခိုင်နှုန်းထိရှိသော်လည်း သက်တူရွယ်တူ အမျိုးသားလူနာများကြားတွင်မူ ၅ ဒသမ ၄ ရာခိုင်နှုန်းသာရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်ရောဂါလက္ခဏာရေရှည်ဆက်လက်ခံစားရသူများ အများဆုံးခံစားကြရသည့် ရောဂါလက္ခဏာများမှာ အမြဲတစေမောပန်းနွမ်းနယ်မှု၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများနှင့် ဦးနှောက်စွမ်းဆောင်ရည်ပြဿနာများ ဖြစ်ကြကြောင်း သိရသည်။

KKO

## ပြုပြင်မထားသော အနီရောင်အသားစားသုံးမှုကြောင့် လေဖြတ်နိုင်ခြေမြင့်တက်လာမှု မရှိနိုင်

**နယူးယောက် အောက်တိုဘာ ၁၃**

ပြုပြင်ထားခြင်းမရှိသော အနီရောင်အသားများ စားသုံးမှုကြောင့် လေဖြတ်နိုင်ခြေမြင့်တက်လာနိုင်မှု မရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၁၂ ရက်က ရေးသားတင်ပြထားသည်။

အဆီဓာတ် ပါဝင်မှုမြင့်မားသည့် အမဲသား၊ ဝက်သားကဲ့သို့ ပြုပြင်ထားခြင်းမရှိသော အနီရောင်အသား စားသုံးမှုများကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း ရှေးနှစ်ပေါင်းများစွာကပင် လက်ခံခဲ့ကြသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အနီရောင်အသားများစားသုံးမှုနှင့်ပတ်သက်၍ လက်ရှိအချိန်ထိ ပေါ်ထွက်ခဲ့သော လေ့လာမှုပေါင်း ၂၀၀ ခန့်ကို အသေးစိတ်ဆန်းစစ်ခဲ့ရာ ပြုပြင်ထားခြင်းမရှိသော အနီရောင်အသားစားသုံးမှုနှင့် လေဖြတ်နိုင်ခြေမြင့်တက်မှုတို့ကြား ဆက်စပ်နေမှု အထောက်အထားများ မတွေ့ခဲ့ရကြောင်း သိရသည်။

ထို့ပြင် အနီရောင်အသားစားသုံးမှုကြောင့် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာနှင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှုနှင့်ပတ်သက်၍လည်း ခိုင်လုံသည့် အထောက်အထားမတွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

KKO



နိုင်ငံတကာ

# အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၁) ပွဲကြိုသုံးသပ်ချက်များ

ML

**လက်စတာ Vs ပဲလေ့စ်**

**ကစားမည့်ရက်/အချိန် ၁၅-၁၀-၂၀၂၂ (ည ၀၆း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လက်စတာ ၂ - ၁ ပဲလေ့စ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လက်စတာ | – | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ပဲလေ့စ် | – | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(နိုင်) |

ပရီးမီးယားလိဂ်မှာ နိုင်ပွဲတစ်ပွဲသာရရှိထားတဲ့ လက်စတာအသင်းအနေနဲ့ တိုက်စစ်ထက်မြက်ပေမဲ့ ပြီးခဲ့တဲ့အဝေးကွင်းမှာရှုံးခဲ့လို့ အခုပွဲစဉ်ကို နိုင်ပွဲရှာဖွေရမှာပါ။ ပဲလေ့စ်အသင်းကတော့ ခံစစ်ကစားပုံတည်ငြိမ်ပေမဲ့ အဝေးကွင်းတိုက်စစ်ပိုင်းအားနည်းတဲ့အပြင် ထိပ်တိုက်တွေ့ဆုံမှုမှာ အသာမရခဲ့ပါဘူး။ ဒါကြောင့် လက်စတာကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လက်စတာ ၂ – ၁ ပဲလေ့စ်**

**ဝုဗ် Vs နော်တင်ဟမ်**

**ကစားမည့်ရက်/အချိန် ၁၅-၁၀-၂၀၂၂ (ည ၀၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နော်တင်ဟမ် ၀ – ၄ ဝုဗ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဗ် | – | အိမ်(ရှုံး) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| နော်တင်ဟမ် | – | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(သရေ) |

ဝုဗ်အသင်းဟာ သုံးပွဲဆက်ပွဲကျပ်ကစားခဲ့ရတာကြောင့် ရလဒ်ကျဆင်းခဲ့ပေမဲ့ အိမ်ကွင်းကစားပုံတည်ငြိမ်မှုရှိလို့ အခုပွဲကို ဖိအားပေးလာမှာဖြစ်ပါတယ်။ လက်ရှိ နော်တင်ဟမ်အသင်းကတော့ ကစားသမားသစ်တွေအထိုင်မကျသေးဘဲ အဝေးကွင်းပေးဂိုးများနေတဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာရမဲ့ ဝုဗ်နဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း – ဝုဗ် ၂ – ၀ နော်တင်ဟမ်**

## အီတလီစီးရီးအေ ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်

ML

**တိုရီနို Vs ဂျူဗင်တပ်**

**ကစားမည့်ရက်/အချိန် ၁၅-၁၀-၂၀၂၂ (ည ၁၀း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၁ – ၁ တိုရီနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| တိုရီနို | – | အိမ်(ရှုံး) | ဝေး(ရှုံး) | အိမ်(သရေ) |
| ဂျူဗင်တပ် | – | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(ရှုံး) |

အခုပြိုင်ပွဲမှာ နှစ်သင်းစလုံးရလဒ်ဆိုးရွားနေပေမဲ့ တိုရီနိုအသင်းက ကစားသမားစုဖွဲ့မှုအားနည်းချက်ရှိတာကြောင့် အခုပွဲစဉ်မှာလဲ ရှုံးကန်ရမှာပါ။ ဂျူဗင်တပ်အသင်းကတော့ အဓိက ကစားသမားတွေဒဏ်ရာရနေပေမဲ့ အရန်ကစားသမားအင်အားတောင့်တင်းတာကြောင့် အခုပွဲစဉ်ကို မဖြစ်မနေတိုက်စစ်ဖွင့်ကစားလာမှာပါ။ ဒါကြောင့် ဂျူဗင်တပ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – တိုရီနို ၀ – ၁ ဂျူဗင်တပ်**

## အားကစားသတင်း အတိုအထွာများ

- ချန်ပီယံလိဂ်အုပ်စုပွဲစဉ်၌ အင်တာမီလန်အသင်းကို သရေရလဒ်ထွက်ပေါ်စေခဲ့သည့် ဘာစီလိုနာအသင်း လေးပွဲကစားပြီးချိန်တွင် ရမှတ်လေးမှတ်သာရရှိထားသဖြင့် အုပ်စုအဆင့်မှ ထွက်ခွာရန်နီးစပ်နေကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် လိုက်ပ်ဇစ်ခံစစ်ကစားသမား ဂါဗာဒီယိုကို စပါးအသင်းကလည်း အပြိုင်ကမ်းလှမ်းမှုပြုလုပ်လျက်ရှိသည်။
- ဘာစီလိုနာအသင်းတာဝန်ရှိသူများက လာမည့်နွေရာသီတွင် ချဲလ်ဆီးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည့် ကန်တီနှင့် ဂျော်ဂျင်ဟိုတို့နှစ်ဦးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။ ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅) နောက်ဆုံးပွဲစဉ်တွင် ရတနာပုံအက်ဖ်စီအသင်းက GFA အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၁၃**



မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရတနာပုံအက်ဖ်စီအသင်းသည် ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူပြီး ပြိုင်ပွဲကိုထိန်းချုပ်ကစားခဲ့ကာ GFA အသင်းကလည်း ခံစစ်ပိုင်းကို အကောင်းဆုံးအားပြု၍ တန်ပြန်တိုက်စစ်များဖြင့် ပြန်လည်ဖိအားပေးမှုများကြောင့် ရတနာပုံအက်ဖ်စီအသင်း အနည်းငယ်အခက်တွေ့ခဲ့သော်လည်း ပွဲချိန် ၃၅ မိနစ်တွင် ဝါရင့်ကစားသမား သက်နိုင်က ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရတနာပုံအက်ဖ်စီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ပွဲချိန်ဒုတိယပိုင်းတွင် GFA အသင်းကလည်း ချေပဂိုးအတွက် ပြန်လည်တိုက်စစ်ဖွင့်ကစားခဲ့သောကြောင့် ပွဲချိန်ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် အနည်းငယ်အခက်တွေ့ခဲ့ရသည်။

သို့သော် ပွဲချိန်ကြာလာသည်နှင့် ရတနာပုံအက်ဖ်စီအသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ဖိအားပေးနိုင်ခဲ့ပြီး နောက်ထပ်ဦးဆောင်ဂိုးများအတွက် အခွင့်အရေးများရရှိခဲ့သကဲ့သို့ GFA အသင်းအတွက်လည်း ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် အခွင့်အရေး အချို့ရရှိခဲ့သော်လည်း အသုံးချနိုင်ခြင်းမရှိသည့်အတွက် သက်နိုင်၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ရတနာပုံအက်ဖ်စီအသင်းက GFA အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ STA

# ဘောလုံးသမိုင်းတစ်လျှောက် အကောင်းဆုံးကစားသမား ၁၀ ဦးစာရင်း၌ မက်ဆီထိပ်ဆုံးမှဦးဆောင်

**လန်ဒန် အောက်တိုဘာ ၁၃**

ကမ္ဘာ့ထိပ်တန်း အားကစားမဂ္ဂဇင်းဖြစ်သည့် Four Four Two က ရွေးချယ်ခဲ့သည့် ဘောလုံးသမိုင်းတစ်လျှောက် ထာဝရအကောင်းဆုံးကစားသမား ၁၀ ဦး စာရင်းတွင် ပီအက်စ်ဂျီအသင်းမှ မက်ဆီက ထိပ်ဆုံးမှဦးဆောင်ခဲ့ပြီး ပြိုင်ဘက် စီရော်နယ်ဒိုအနေဖြင့် အဆင့်(၃) နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်ဟု Four Four Two သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Four Four Two က ဘောလုံးလောက အကောင်းဆုံးကစားသမား ဦးရေ ၁၀၀ စာရင်းကို အဆင့်များသတ်မှတ်ကာ စစ်တမ်းကောက်ထုတ်ပြန်လေ့ရှိပြီး ယခုအခါကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို စံချိန်တင်အဖြစ် ခုနစ်ကြိမ်ထိ ရယူထားသည့် ပီအက်စ်ဂျီအသင်း တိုက်စစ်ကစားသမား မက်ဆီက ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

သို့သော် မက်ဆီ၏နောက် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို ငါးကြိမ်ထိရရှိခဲ့ပြီး ဒုတိယအကြိမ်ရေအများဆုံး ကစားသမားဖြစ်ပြီး လက်ရှိဘောလုံးလောကတွင် ပရော်ဖက်ရှင်နယ် ကလပ်အသင်းသွင်းဂိုး ၇၀၀ ပြည့်မြောက်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်တင်ထားသည့် မန်ယူအသင်း တိုက်စစ်ကစားသမား စီရော်နယ်ဒိုသည် အဆင့်(၃)နေရာတွင်သာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မက်ဆီ၏နောက်တွင် အာဂျင်တီးနားအသင်း ဂန္ထဝင်ကစားသမားကြီး မာရာဒိုနာက ရပ်တည်နိုင်ခဲ့ပြီး အဆင့်(၃)နေရာတွင် စီရော်နယ်ဒို၊ အဆင့်(၄)နေရာတွင် ဘရာဇီး ဂန္ထဝင်ကစားသမား ပီပီ၊ အဆင့်(၅)နေရာတွင် ပြင်သစ် ဂန္ထဝင်ကစားသမားဇီဒန်း၊အဆင့်(၆) နေရာတွင် နယ်သာလန်ဂန္ထဝင်ကစားသမား ဂျိုဟန်ခရိုက်၊ အဆင့်(၇) နေရာတွင် မြောက်အိုင်ယာလန် ဂန္ထဝင် ကစားသမား ဂျော်ဂျီဘရက်၊ အဆင့်(၈)နေရာတွင် ဂျာမနီဂန္ထဝင် ကစားသမား ဘက်ကင်ဘောင်ဝါ၊ အဆင့်(၉)နေရာတွင် ဟန်ဂေရီ ဂန္ထဝင်ကစားသမား ပတ်ကက်ရှ်နှင့် အဆင့်(၁၀)နေရာတွင် ဘရာဇီး ဂန္ထဝင်ကစားသမား ရော်နယ်ဒိုတို့ ဖြစ်ကြောင်း သိရသည်။ STA

# တိုက်စစ်မှူး ဟယ်ရီကိန်းကိုမခေါ်နိုင်ပါက ဂလာဘတ်တိုက်စစ်မှူး မားကပ်သူရမ်ကို ခေါ်ယူသွားမည်ဟု ဘိုင်ယန်ပြောကြား

**မြူးနစ် အောက်တိုဘာ ၁၃**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းမှ ထွက်ခွာသွားသည့် တိုက်စစ်မှူး လီဝမ်ဒေါ့စကီးနေရာတွင် အစားထိုးရန်အတွက် စပါးအသင်း တိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း ကစားသမားအနေဖြင့် အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ဆန္ဒရှိနေသောကြောင့် ၎င်းကို မခေါ်ဆိုနိုင်ပါက ဂလာဘတ် အသင်းတိုက်စစ်မှူး မားကပ်သူရမ်ကို ခေါ်ယူသွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂလာဘတ်အသင်းတိုက်စစ်မှူး မားကပ်သူရမ်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ကာ အသင်းမှထွက်ခွာရန် သေချာနေသောကြောင့် ဘိုင်ယန်မြူးနစ်အသင်း ကင်းထောက်ခေါင်းဆောင် ပီလာဝါက မားကပ်သူရမ်၏ကစားပုံနှင့် စွမ်းဆောင်ရည်များကို အနီးကပ်ကြည့်ရှုခဲ့ပြီးနောက် အသင်းတွင် လိုအပ်နေသည့် အထောင်တိုက်စစ်မှူးနေရာတွင် ထည့်သွင်းအသုံးပြုရန် စီစဉ်နေကြောင်း သိရသည်။



မကြာသေးမီက ဘိုင်ယန်မြူးနစ်အသင်းသည် စပါးအသင်းမှခြေစွမ်းပြသနေသည့် တိုက်စစ်မှူး ဟယ်ရီကိန်းကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းက နည်းပြကွန်တီ လက်အောက်တွင် ပျော်ရွှင်နေကြောင်း ပြောကြားခဲ့ပြီး အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် သေချာနေသဖြင့် ယခုနှစ် ဘောလုံးရာသီကုန်တွင် ဂလာဘတ်အသင်းမှထွက်ခွာမည့် အသက် ၂၄ နှစ်ရှိ မားကပ်သူရမ်ကိုသာ ခေါ်ယူရန်ပြန်လည်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ML

# ချန်ပီယံလိဂ်သမိုင်းတွင် အမြန်ဆုံးဟက်ထရစ်ဂိုးသွင်းယူနိုင်သည့်ကစားသမားအဖြစ် ဆာလာဟ်မှတ်တမ်းဝင်



**လန်ဒန် အောက်တိုဘာ ၁၃**

ရိန်းဂျားအသင်းနှင့် လီဗာပူးအသင်းတို့ ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် တိုက်စစ်မှူး ဆာလာဟ်က လီဗာပူးအသင်းအတွက် ပွဲကစားချိန် ခြောက်မိနစ်အတွင်း ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ချန်ပီယံလိဂ်သမိုင်းတွင် အမြန်ဆုံး ဟက်ထရစ်ဂိုးရရှိခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး ဆာလာဟ်သည် ပွဲကစားချိန် ၆၈ မိနစ်မှ လူစားဝင်ကစားခဲ့သော်လည်း ပွဲချိန် ၇၆ မိနစ်၊ မိနစ် ၈၀၊ ၈၁ မိနစ်တို့တွင် သွင်းဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့သဖြင့် ခြောက်မိနစ် ၁၂ စက္ကန့်ဖြင့် အမြန်ဆုံးဟက်ထရစ်ဂိုး ရရှိခဲ့သည့်အတွက် ယခင် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူးဟောင်း လီဝမ်ဒေါစကီး ရရှိခဲ့သည့် ၁၀ မိနစ် ၂၂ စက္ကန့် စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီး သမိုင်းတစ်လျှောက် အမြန်ဆုံးဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ရရှိခဲ့သည်။

လီဝမ်ဒေါစကီးသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ကစားခဲ့သည့် ၂၀၁၉ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘဲလ်ဂရိတ်အသင်းကို ၁၁ မိနစ်၊ ခုနစ်စက္ကန့်ဖြင့် အမြန်ဆုံးဟက်ထရစ်ရရှိခဲ့သည့်အပြင် ဆဲလ်တစ်အသင်းနှင့် ပွဲစဉ်တွင်လည်း ၁၀ မိနစ် ၂၂ စက္ကန့်ဖြင့် ဟက်ထရစ်ဂိုး ထပ်မံရရှိခဲ့သည့်အတွက် အဆိုပါနှစ်မှာပင် ၎င်းအနေဖြင့် စံချိန်သစ်ထပ်မံရရှိခဲ့ကြောင်း သိရသည်။

ML

# ဆန်ဒီယေဂိုအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ကိုကိုးဂေါ့ဖ် တက်ရောက်

**ဆန်ဒီယေဂို အောက်တိုဘာ ၁၃**

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် ဆန်ဒီယေဂိုတင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန် ဆယ်ကျော်သက်တင်းနစ်မယ် ကိုကိုးဂေါ့ဖ်နှင့် အမေရိကန် တင်းနစ်မယ်တစ်ဦးပင်ဖြစ်သည့် မောင့်ဂိုမာရီတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကိုကိုးဂေါ့ဖ်က (၆-၃၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း SN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်သာ ရှိသေးသည့် ကိုကိုးဂေါ့ဖ်သည် ဆန်ဒီယေဂိုအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၆)အဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ဒုတိယအဆင့်တွင် ကနေဒါတင်းနစ်မယ် အန်ဒရက်စ်ကူနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ကိုကိုးဂေါ့ဖ်အတွက် ခက်ခဲသည့် ပွဲစဉ်တစ်ပွဲ ဖြစ်လာနိုင်ပြီး တတိယအဆင့်သို့ တက်ရောက်ခွင့်ရရှိရေးအတွက် အန်ဒရက်စ်ကူနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားရဖွယ်ရှိနေသည်။



ကိုကိုးဂေါ့ဖ်က "အစောပိုင်းမှာတော့ ကစားရတာအဆင်ပြေပါတယ်။ ဒါပေမဲ့ မိုးရွာသွန်းပြီးနောက်ပိုင်း ပွဲချိန်ကြန့်ကြာခဲ့ရသလို ကစားရတာလဲ ခက်ခဲခဲ့တယ်။ အရာအားလုံးကို ကြိုးစားပြင်ဆင်နိုင်ပေမဲ့ မိုးလေဝသကိုတော့ ထိန်းချုပ်လို့မရတဲ့အတွက် ဖြစ်လာတဲ့အခြေအနေပေါ် မူတည်ပြီး အကောင်းဆုံးကစားနိုင်ဖို့ အာရုံစိုက်ခဲ့တယ်။ ပွဲကစားရခက်ပေမဲ့ ရလာတဲ့အခွင့်အရေးတိုင်းကို အကောင်းဆုံးအသုံးချနိုင်ခဲ့လို့ ရလဒ်ကောင်းရခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# BMW Ladies Championship ပြိုင်ပွဲချန်ပီယံ ဂျင်ယန်းကို ပါဝင်ယှဉ်ပြိုင်မည်

**ဆိုးလ် အောက်တိုဘာ ၁၃**

ဒဏ်ရာပြဿနာကြောင့် အနားယူနေရသည့် ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုသည် တောင်ကိုရီးယားနိုင်ငံတွင် အောက်တိုဘာ ၂၀ ရက်၌ ကျင်းပသွားမည့် BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း Chosun သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုသည် လက်ရှိချန်ပီယံတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မွေးရပ်မြေတွင် လက်ရှိချန်ပီယံကို ကာကွယ်နိုင်ရေးအတွက် ပစ်မှတ်ထားနေကြောင်း သိရသည်။

BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၇၈ ဦးဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာ့အဆင့်(၂) ထိုင်းဂေါက်သီးရိုက်မယ် အတ္တယာအပါအဝင် ကမ္ဘာ့အဆင့်(၅)အတွင်း ရပ်တည်နေသည့် ဂေါက်သီးရိုက်မယ်များ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဂျင်ယန်းကိုသည် လက်ကောက်ဝတ်ဒဏ်ရာ ခွဲစိတ်ကုသမှုခံယူထားသည့်အတွက် ဩဂုတ်လကတည်းက ပြိုင်ပွဲများဖြင့် လွဲချော်ခဲ့ရသူဖြစ်ကာ ကမ္ဘာ့အဆင့်(၁) နေရာကို ဆက်လက် ထိန်းသိမ်းနိုင်ရေးအတွက် ဂျင်ယန်းကိုအနေဖြင့် လက်ရှိချန်ပီယံကို ကာကွယ်နိုင်ရန် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

အလားတူ ၂၀၂၂ ခုနှစ်အတွက် Rookie of the Year စာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်နေသူ အတ္တယာသည်လည်း ဂျင်ယန်းကို၏ ကမ္ဘာ့အဆင့်(၁)နေရာကို ခြိမ်းခြောက်နိုင်ရေးနှင့် Rookie of the Year ဆုကို ဆွတ်ခူးနိုင်ရေးအတွက် ချန်ပီယံဆုကို ပစ်မှတ်ထားနေကြောင်း သိရသည်။

BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီက "လက်ရှိချန်ပီယံတစ်ဦးဖြစ်တဲ့ ဂျင်ယန်းကိုဟာ ဒဏ်ရာပြန်လည်သက်သာလာခဲ့ပြီဖြစ်တဲ့အတွက် ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်(၅)အတွင်း ရပ်တည်နေတဲ့ ဂေါက်သီးရိုက်မယ်အားလုံး ပါဝင်ယှဉ်ပြိုင်မှာဖြစ်သလို ပြိုင်ပွဲဝင် ၇၈ ယောက်နဲ့ BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ AZL

### ယူရိုပါလိဂ် အုပ်စုအဆင့်ရလဒ်

| | | | |
|---|---|---|---|
| ဘိုဒိုဂလင့် | ၀ | - ၁ | အာဆင်နယ် |
| လာနာကာ | ၁ | - ၂ | ဒီနာဘာချီ |
| ဒိုင်နမိုကိဗ် | ၀ | - ၁ | ရင်းနက် |
| ဘက်တစ် | ၁ | - ၁ | ရိုးမား |
| စိန့်ဂျီလိုစီ | ၃ | - ၃ | ဘရာဂါ |

(၀၄၀)

### ယူရိုပါကွန်ဖရင့်လိဂ် အုပ်စုအဆင့်ရလဒ်

| | | | |
|---|---|---|---|
| ဖီအိုရင်တီးနား | ၅ | - ၁ | ဟတ်စ် |
| ဩဝီန်း | ၀ | - ၁ | ဗီလာရီးရဲလ် |
| ပါတီဇန် | ၂ | - ၀ | ကိုလုံး |
| အပိုလွန် | ၁ | - ၀ | အယ်ခမာ |
| ဒီဂျာဂါးဒင်း | ၄ | - ၂ | ဂျန့် |

(၀၄၀)

# စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ် (၉) ပွဲကြိုသုံးသပ်ချက်များ

STA

**ဗလင်စီယာ Vs အယ်ချီ**

**ကစားမည့်ရက်/အချိန် ၁၅-၁၀-၂၀၂၂ (ည ၀း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အယ်ချီ ၀ - ၁ ဗလင်စီယာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | - | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(နိုင်) |
| အယ်ချီ | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(သရေ) |

ဒီနှစ်ဘောလုံးရာသီမှာ တစ်ပွဲမှ နိုင်ပွဲမရရှိသေးတဲ့ အယ်ချီအသင်းရဲ့ ခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေလို့ အခုအဝေးကွင်းပွဲစဉ်မှာလဲ ရှုံးကန်ရဖို့ရှိနေပါတယ်။ ဗလင်စီယာအသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပြန်လည်ကောင်းမွန်နေပါတယ်။ဒါကြောင့် ဒီပွဲမှာခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဗလင်စီယာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဗလင်စီယာ ၂ - ၀ အယ်ချီ**

**ဘီလ်ဘာအို Vs အောတီကို**

**ကစားမည့်ရက်/အချိန် ၁၆-၁၀-၂၀၂၂ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘီလ်ဘာအို ၂ - ၀ အောတီကို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| အောတီကို | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(သရေ) |

ဘီလ်ဘာအိုအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲဆက် နိုင်ပွဲရယူထားတယ်ဆိုပေမဲ့ အောတီကိုအသင်းနဲ့တွေ့ဆုံခဲ့တဲ့ ပွဲစဉ်တိုင်းမှာ ရှုံးကန်ရလေ့ရှိပါတယ်။ အောတီကိုအသင်းကလဲ လိဂ်ပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေလို့ အဝေးကွင်းဆိုပေမဲ့ တွေ့ဆုံမှုတိုင်းအသာစီးမှာရှိတဲ့ အောတီကိုအသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘီလ်ဘာအို ၁ - ၂ အောတီကို**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၀) ပွဲကြိုသုံးသပ်ချက်များ

STA

**ဖရန့်ဖတ် Vs လေဗာကူဆင်**

**ကစားမည့်ရက်/အချိန် ၁၅-၁၀-၂၀၂၂ (ည ၀း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လေဗာကူဆင် ၂ - ၀ ဖရန့်ဖတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(ရှုံး) |
| လေဗာကူဆင် | - | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(ရှုံး) |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတဲ့ ဖရန့်ဖတ်အသင်းဟာ ခြေစွမ်းပိုင်းအကျဘက်ကို ရောက်နေပါတယ်။ လေဗာကူဆင်အသင်းကတော့ နည်းပြသစ်လက်အောက်မှာ ကစားပုံပြန်လည်ကောင်းမွန်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတဲ့ လေဗာကူဆင်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ဖရန့်ဖတ် ၂ - ၃ လေဗာကူဆင်**

**လိုက်ပ်ဇစ် Vs ဟာသာဘာလင်**

**ကစားမည့်ရက်/အချိန် ၁၅-၁၀-၂၀၂၂ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဟာသာဘာလင် ၁ - ၆ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | - | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(နိုင်) |
| ဟာသာဘာလင် | - | ဝေး(နိုင်) | အိမ်(သရေ) | အိမ်(သရေ) |

လိုက်ပ်ဇစ်အသင်းနဲ့တွေ့ဆုံတိုင်း နှစ်ပွဲသာအနိုင်ရရှိခဲ့ဖူးပြီး ၁၀ ပွဲ ရှုံးနိမ့်ထားတဲ့မှတ်တမ်းတွေအရ ဟာသာဘာလင်အသင်းဟာ အခုပွဲစဉ်မှာလဲ ရှုံးကန်ရပါလိမ့်မယ်။ လိုက်ပ်ဇစ်အသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းဆက်တိုက်ကောင်းမွန်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လိုက်ပ်ဇစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လိုက်ပ်ဇစ် ၃ - ၁ ဟာသာဘာလင်**

# ငြိမ်းချမ်းတဲ့အသံ သာယာတဲ့အသံ ကလေးတွေရဲ့အသံ

**ပုသိမ်အောင်သန်းဦး**

ကျွန်တော့်တွင် ဂျပန်မိတ်ဆွေတစ်ဦးရှိသည်။ ဂျပန်နိုင်ငံ အိုဆာကာမြို့တွင်နေသည်။ မစ္စတာအီမိုနိုလူဟု အမည်ရှိသည်။ သူသည် ငယ်စဉ်က ဂျပန်နိုင်ငံတွင် ဆင်းရဲချို့တဲ့စွာ ပညာသင်ကြားခဲ့ရသည်ဟု ဆိုသည်။ သူ့အဘိုးက လက်သမားဆရာကြီးဖြစ်သည်။

သူ့ဖခင်သည် ၁၉၄၃ ခုနှစ်က မြန်မာနိုင်ငံသို့ ဂျပန်တပ်မတော်မှ စစ်သားတစ်ဦးအဖြစ်ရောက်ရှိလာခဲ့သည်ဟု သိရသည်။ မူလက သူ့ဖခင်သည် ဂျပန်နိုင်ငံတွင် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဟုဆိုသည်။ ၁၉၄၄ ခုနှစ်တွင် မြဝတီမြို့အနီး၌ ငှက်ဖျားရောဂါဖြင့် သူ့ဖခင်ကွယ်လွန်ခဲ့ကြောင်း သူ့မိခင်ပြောပြသဖြင့် သိရသည်။ သူ့ဖခင်ကွယ်လွန်စဉ်က သူ့အသက်မှာ သုံးနှစ်မျှသာရှိပါသေးသည်။

သူ့ဖခင် ဘာကြောင့်မြန်မာနိုင်ငံသို့သွားရသနည်း။ ဘာကြောင့် ကျောင်းဆရာဘဝမှ စစ်သားဖြစ်ခဲ့ရသည်ကို သူမသိခဲ့ပါ။ နောက်မှ နယ်ချဲ့ဝါဒ၏ဆိုးကျိုးကြောင့်ဟု နားလည်သဘောပေါက်ခဲ့ရကြောင်း ပြောပြခဲ့သည်။

သူ့ဖခင်သည် ဂျပန်စစ်သားတစ်ယောက်ဖြစ်ခဲ့သော်လည်း ကျောင်းဆရာစိတ်ဓာတ်ကိန်းဝပ်နေသူဖြစ်ပါသည်။ ထို့ကြောင့် အားလပ်သည့်အချိန်များတွင် တပ်စခန်း၏အနီးကျေးရွာများမှ မြန်မာကလေးငယ်များကို ဂျပန်စာနှင့် ဂျပန်စကားကို သင်ပေးခဲ့ကြောင်း ပြန်လည်ကြားသိရသည်။

အီမိုနိုလူအရွယ်ရောက်လာသောအခါ ဂျာမနီနိုင်ငံသို့သွားရောက်အလုပ်လုပ်သည်။ ငွေလည်း အတော်အတန်စုမိလာသည်။ တစ်နေ့တွင် ဂျာမနီ လမ်းမကြီးပေါ်၌ သူ့ကားမောင်းလာရာ သူ့ကားကို နောက်ကားတစ်စီးက ကျော်တက်ရန် အားထုတ်ရာ သူက ကျော်တက်မခံဘဲ ကားကိုအရှိန်မြှင့်မောင်းရာ ကားနှစ်စီးမှာ လမ်းပေါ်တွင်ယှဉ်ပြိုင်မောင်းနေသည့်အလား သည်းထိတ်ရင်ဖိုအဖြစ်နှင့်ကြုံရသည်။

နောက်ဆုံးတွင် ကားနှစ်စီးငြိမိကာ နှစ်စီးစလုံး တိမ်းမှောက်သွားပါတော့သည်။ ကယ်ဆယ်ရေးသမားများက သူသေပြီဟုမှတ်ချက်ချကြသည်။ သူ့တစ်ကိုယ်လုံး မှန်စများ၊ သွေးများဖြင့် မြင်မကောင်းအောင် ဖုံးအုပ်နေသည်။

သို့သော် သူမသေခဲ့ပါ။ သူသတိရတော့ သူ့အဖေ၏ဓာတ်ပုံကို ပထမဆုံးမြင်မိသည်။ စစ်ဝတ်တန်ဆာတို့ဖြင့်ဝတ်ဆင်ကာ ရိုက်ထားသောဓာတ်ပုံဖြစ်သည်။ သူ့အဖေကို သူ့အပြင်တွင် မြင်ဖူးခဲ့ခြင်းမရှိပါ။ သည်တော့မှ သူ့အဖေကို သူပြန်သတိရလာသည်။

သူဆေးရုံမှဆင်းသောအခါ သူ့အဖေကို ကျေးဇူးဆပ်သည့်အနေဖြင့် အလှူပွဲလေးပြုလုပ်ပေးရန် စဉ်းစားမိသည်။ ထို့ကြောင့် ဂျပန်နိုင်ငံသို့ပြန်ကာ သူ့အဖေကွယ်လွန်ခြင်း နှစ် ၅၀ ပြည့်အလှူကို လှူဒါန်းခဲ့သည်။

အလှူပွဲပြီးသည့်နောက် သူဆက်၍တွေးသည်။ သူ့ဖခင်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်က မြန်မာကလေးများကို ဂျပန်စာ၊ ဂျပန်စကားများ သင်ပေးခဲ့သည်ဟူသောအချက်ကိုတွေးတောရင်း သူ့ဖခင်၏ရည်ရွယ်ချက်၊ သူ့ဖခင်၏မြန်မာနိုင်ငံမှ ကလေးများအပေါ်ထားရှိသည့် မေတ္တာစိတ်များကို ပြန်လည်တွေးနေမိသည်။

တစ်နေ့တွင် ဂျပန်စစ်ပြန်စစ်မှုထမ်းဟောင်းကြီးများအသင်းကထုတ်ဝေသည့် စာစောင်တစ်ခုတွင် မြန်မာနိုင်ငံရှိ ဟဲဟိုးမြို့၌ ဂျပန်စစ်မှုထမ်းဟောင်းများအသင်းက ငွေကျပ်သိန်း ၆၀ လှူဒါန်းကာ ဟဲဟိုးမြို့ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းသို့ အရင်ဆုံးသွားသည်။ သူ့ဖခင်ကွယ်လွန်ခဲ့ရာ မြဝတီမြို့လေးကို လျှောက်ကြည့်သည်။ မြဝတီမြို့ရှိ အထက်တန်းကျောင်းသို့ဝင်ကာ ကွန်ပျူတာတစ်လုံးဖိုး လှူဒါန်းခဲ့သည်ဟု ဆိုသည်။

ထို့နောက် မော်လမြိုင်မြို့ရှိ အထက်တန်းကျောင်းကြီးများသို့ဝင်ကာ ကျောင်းများတွင် လိုအပ်သော အသုံးအဆောင်ပစ္စည်းများဝယ်ရန် အလှူငွေများ လှူဒါန်းခဲ့သည်ဟု သိရသည်။ သူသည် ယာမာမိုတိုတို့အုပ်စုနှင့်အတူ ပုဂံဘုရားများလှည့်လည်ဖူးကာ ဟဲဟိုးမြို့သို့ရောက်ရှိခဲ့သည်။

ထိုအချိန်က ဟဲဟိုးမြို့အမှတ်(၃)မူလတန်းကျောင်းလေးသည် ပြန်လည်ပြုပြင်ရန်လိုအပ်နေသဖြင့် သူ

"မင်းတို့ဆရာဝန်ဖြစ်ရင် ငါ့ကိုဘာမှပံ့ပိုးဖို့မလိုဘူး။ ပထမကျရာနေရာကိုသွားပြီး တိုင်းပြည်ကိုအလုပ်အကျွေးပြုပါ။ ပြီးတော့ မင်းတို့ရဲ့မိဘတွေကို ပံ့ပိုးပါ။ လူနာတွေကို ကိုယ့်ဆွေမျိုးတွေလို သဘောထားကုသပါ။ အသပြာဆရာဝန် မဖြစ်ပါစေနဲ့"ဟု ဆုံးမစကားပြောခဲ့သည်။

နောင်တွင် ဟဲဟိုးမြို့ ပအိုဝ်းအမျိုးသားများနေထိုင်သည့် ဥဿာကန်ရွာ မူလတန်းကျောင်းကို အသစ်တစ်ဖန်ဆောက်ပေးရုံသာမက ဟဲဟိုးရောက်တိုင်း ဟဲဟိုးမြို့ပေါ်ရှိ မူလတန်းကျောင်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများကိုလည်း ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ပေတံနှင့် အားကစားပစ္စည်းမျိုးစုံကို ပံ့ပိုးပေးမြဲဖြစ်သည်။

ကျွန်တော် ရန်ကုန်သို့ ပြောင်းရွှေ့ရောက်ရှိလာသောအခါ သူရန်ကုန်သို့ရောက်လျှင် သူတည်းခိုရာ ဟိုတယ်မှ ဖုန်းဆက်ခေါ်ကာ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံမြဲဖြစ်သည်။ သူသည် ဟဲဟိုးမြို့ရှိ ကျောင်းသား၊ ကျောင်းသူများသာမက စစ်တောင်းမြစ်ကမ်းကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများအတွက် စာသင်ကျောင်းသစ်များ ထပ်မံဆောက်လုပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သူ မြန်မာနိုင်ငံသို့ရောက်တိုင်း သူလှူဒါန်းခဲ့သော စာသင်ကျောင်းများသို့ အမှတ်တရသွားရောက်ကြည့်ရှုကာ ကလေးများအား ဂျပန်သီချင်းလေးများကို သင်ကြားပေးလေ့ရှိပါသည်။

ခါပိုလူခါဇဲနီ

ဆယ်ကိုင်းကို မူစူဘု

ကော့လာဒိုခိုအဲ. . .။

ကလေးတွေရဲ့ရင်တွင်းက ထွက်ပေါ်လာတဲ့အသံတွေဟာ ကမ္ဘာကြီးကို ငြိမ်းချမ်းစေတယ်တဲ့. . . .။

**❖ မစ္စတာ အီမိုနိုလူသည် နောင်နှစ်စဉ်သင်္ကြန်ကာလတွင် မြန်မာနိုင်ငံ ဟဲဟိုးမြို့သို့လာရောက်ကာ ဆယ်တန်းအောင်ပြီး တက္ကသိုလ်သို့ ဆက်လက်မတက်နိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူဦးရေ ၄၀ က စတင်၍ တစ်နှစ်စာကျောင်းစရိတ်များပံ့ပိုးပေးခဲ့ရာမှ နောင်တက္ကသိုလ်ပညာဆက်မသင်နိုင်သည့် ကျောင်းသား၊ကျောင်းသူဦးရေ ၁၀၀ ထိ ပံ့ပိုးပေးခဲ့ရုံသာမက သူနာပြုသင်တန်းနှင့် ဆေးကျောင်းတက်နေကြသည့် ကျောင်းသားတချို့ကိုလည်း တစ်နှစ်စာပံ့ပိုးကြေးများပေးအပ်ခဲ့သည်။ ❖**

ဆောင်သစ် တည်ဆောက်လှူဒါန်းဖွင့်ပွဲသတင်းကို ဖတ်လိုက်မိသည်။

သတင်းနှင့်အတူ ဓာတ်ပုံများကိုပါတွေ့မြင်ရလေရာ အီမိုနိုလူ ပို၍စိတ်ဝင်စားသွားသည်။ သူလည်း ယခုကဲ့သို့ မြန်မာနိုင်ငံရှိ ဆင်းရဲသောဒေသများတွင် ကျောင်းဆောက်လုပ်လှူဒါန်းလိုစိတ်ဖြစ်ပေါ်လာသည်။

ထို့ကြောင့် ဂျပန်စစ်မှုထမ်းဟောင်းအသင်းဥက္ကဋ္ဌ မစ္စတာယာမာမိုတိုနှင့်ဆက်သွယ်ကာ သွားရောက်တွေ့ဆုံပြီး သူလည်း မြန်မာနိုင်ငံ၌ စာသင်ကျောင်းတစ်ကျောင်းဆောက်လုပ်လှူဒါန်းလိုကြောင်း ဖွင့်ဟပြောမိသည်။ ထို့ကြောင့် ဥက္ကဋ္ဌ ယာမာမိုတိုက သူ မြန်မာနိုင်ငံသို့ ထပ်မံသွားရောက်ရန် ကိစ္စရှိသည်။ ဤအခါ သူနှင့်အတူ လိုက်ခဲ့ပါဟု ဆိုလာသည်။ ထို့ကြောင့် ၁၉၉၈ ခုနှစ်တွင် ယာမာမိုတို၏စစ်မှုထမ်းဟောင်းအဖွဲ့နှင့်အတူ သူလည်းလိုက်ပါလာခဲ့သည်။

သူက မြန်မာနိုင်ငံဟုဆိုလိုက်သည်နှင့် မြဝတီကို သတိရမိသည်။ သူ့ဖခင်က မြဝတီတွင် ငှက်ဖျားရောဂါနှင့် သေဆုံးခဲ့ကြောင်း သိထားမိ၍ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံရောက်သည်နှင့် သူမြဝတီ

သည် ရှမ်းပြည်နယ် ပညာရေးမှူးနှင့်ညှိနှိုင်းကာ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းလေး ပြန်လည်တည်ဆောက်ရန်အတွက် ဆောက်လုပ်ရေးအဖွဲ့သို့ ငွေကျပ် သိန်း ၆၀ လှူဒါန်းခဲ့သည်။ ထို့ပြင် အဆိုပါကျောင်းတွင် အဝေးမှလာရောက်ပညာသင်ပေးနေကြသော ဆရာ၊ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာသာမက ကျောင်းအစည်းအဝေးခန်းမကြီး ပေ ၆၀၊ ပေ ၃၀ ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

မစ္စတာ အီမိုနိုလူသည် နောင်နှစ်စဉ်သင်္ကြန်ကာလတွင် မြန်မာနိုင်ငံ ဟဲဟိုးမြို့သို့လာရောက်ကာ ဆယ်တန်းအောင်ပြီး တက္ကသိုလ်သို့ ဆက်လက်မတက်နိုင်ကြသည့်ကျောင်းသား၊ ကျောင်းသူဦးရေ ၄၀ က စတင်၍ တစ်နှစ်စာကျောင်းစရိတ်များ ပံ့ပိုးပေးခဲ့ရာမှ နောင်တက္ကသိုလ်ပညာ ဆက်မသင်နိုင်သည့် ကျောင်းသား၊ ကျောင်းသူဦးရေ ၁၀၀ ထိ ပံ့ပိုးပေးခဲ့ရုံသာမက သူနာပြုသင်တန်းနှင့် ဆေးကျောင်းတက်နေကြသည့် ကျောင်းသားတချို့ကိုလည်း တစ်နှစ်စာ ပံ့ပိုးကြေးများ ပေးအပ်ခဲ့သည်။

ဆရာဝန်လောင်းကလေးတချို့ကို အီမိုနိုလူက

သူသည် ကလေးများကြားတွင် ပျော်ရွှင်လျက်ရှိသည်။ သူကိုယ်တိုင် လက်ခုပ်တီးပြီး ကလေးများကို သီချင်းချပေးသည်။ ကလေးများ၏ကြည်နူးဖွယ်အသံများကြားတွင် သူငြိမ်းချမ်းပျော်ရွှင်လျက်ရှိနေသည်ကို တွေ့ရသည်။

ကိုဗစ်ကာလနောက်ပိုင်းတွင် သူမြန်မာနိုင်ငံသို့ မလာဖြစ်တော့ပါ။ အသက်လည်း ၈၂ နှစ်အရွယ်သို့ ရောက်ရှိလာပြီမို့ စိတ်သွားတိုင်းကိုယ်မပါနိုင်တော့ပါ။ သို့သော် သူ မြန်မာနိုင်ငံကို သတိရနေပါလိမ့်မည်။ သူလှူဒါန်းခဲ့သော စာသင်ကျောင်းလေးများကို မြင်ယောင်နေမိပါလိမ့်မည်။ သူ့ဖခင်၏ မပြီးဆုံးခဲ့သည့်အလုပ်ကို သူ ဆက်လက်ပါရမီဖြည့်ခဲ့သည်ဟု ယူဆပါသည်။

ဟုတ်ကဲ့ ငြိမ်းချမ်းတဲ့အသံ သာယာတဲ့အသံ ကလေးတွေရဲ့အသံကို အမြဲကြားနေနိုင်ပါစေ မစ္စတာ အီမိုနိုလူ. . .။ ။

## မိုင်းရယ်မြို့နယ် ကုန်းကော်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုင်းရယ် အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကုန်းကော်ကျေးရွာ၌ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၁၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကုန်းကော်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆောင်ရွက်သည့် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အလျား ၄၈ ပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ၁၂ ပေရှိဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ တို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ပြောပြ၍ သိရသည်။ **ကျော်စိုး**



# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများတွင် နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းအလှများ မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေ



**ညောင်ဦး အောက်တိုဘာ ၁၃**

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများတွင် နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းအလှများ မွမ်းမံထိန်းသိမ်းခြင်း လုပ်ငန်းများကို ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်ဆောင်ရွက်နေကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောပြ၍ သိရသည်။

ထိုသို့ နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းအလှများ မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကို ယခုနှစ် အောက်တိုဘာလပထမပတ်မှစတင်ကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)၊ ဓာတ်ခွဲခန်းဌာနစိတ်နှင့် Bagan Heritage Trust တို့ ပူးပေါင်း၍ ရှေးဟောင်းသာသနိကအဆောက်အအုံ အမှတ် (၃၃၉)၊ (၂၁၆၂)၊ (၂၀၄၉) နှင့် (၄၄၉) တို့တွင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"နံရံဆေးရေးပန်းချီနဲ့ အင်္ဂတေပန်းအလှတွေ မွမ်းမံထိန်းသိမ်းတဲ့ လုပ်ငန်းတွေကို အောက်တိုဘာလ ပထမပတ်ကနေ စတင်ဆောင်ရွက်နေပါတယ်။ ဒါ့ပြင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ငွေလျာင်ဆိုင်ရာရန်ပုံငွေနဲ့ သာသနိကအဆောက်အအုံ ၁၀ ခုမှာလဲ တံတိုင်းအုတ်အစားထိုးလုပ်ငန်း၊ ဝါးငြမ်းဖျက်တဲ့လုပ်ငန်း၊ အဆောက်အအုံအတွင်း အပြင် နံရံ၊ မျက်နှာကြက်ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောပြသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရှေးဟောင်းသာသနိကအဆောက်အအုံအမှတ် (၁၆၅၀)၊ (၁၅၈၀)၊ (၁၀၆၃)၊ (၇၉၈)၊ (၉၉၇)၊ (၉၉၈)၊ (၉၈၇)၊ (၅၃၇)၊ (၅၅)၊ (၂၀၄၄) တို့ကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို Conservation Guideline နှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ASH

# လျှို့ဝှက်သည်းဖိုဇာတ်ကားကို ဒါရိုက်တာ အမ်နိုက်ရှယာမာလန်း ရိုက်ကူးနေ

**နယူးယောက် အောက်တိုဘာ ၁၃**

ကမ္ဘာကျော်ဒါရိုက်တာ အမ်နိုက်ရှယာမာလန်းသည် တရားဝင်ဇာတ်ကားနာမည်မသိရသေးသည့် လျှို့ဝှက်သည်းဖိုဇာတ်ကားတစ်ကားကို ရိုက်ကူးနေကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

သို့ရာတွင် ဒါရိုက်တာ ရှယာမာလန်းသည် အဆိုပါဇာတ်ကား၏နာမည်ကိုသာမက ၎င်းဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်နှင့် ပါဝင်သည့်သရုပ်ဆောင်များကိုပါ လျှို့ဝှက်ထားဆဲဖြစ်သည်။

ဒါရိုက်တာ ရှယာမာလန်းသည် ၎င်းရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားများနှင့်ပတ်သက်၍ အထူးလျှို့ဝှက်တတ်သူတစ်ဦးအဖြစ် ထင်ရှားသူဖြစ်သည်။

သို့ရာတွင် ရှယာမာလန်းသည် The Sixth Sense၊ Unbreakable၊ Split နှင့် The Visit ကဲ့သို့ ကမ္ဘာကျော်ဇာတ်ကားများကို ရိုက်ကူးခဲ့သူဖြစ်သည်။

ဒါရိုက်တာ အမ်နိုက်ရှယာမာလန်း နောက်ဆုံးရိုက်ကူးထားသော ဇာတ်ကားမှာ Knock at the Cabin အမည်ရှိ စိတ္တဇထိတ်လန့်သည်းဖိုဇာတ်ကား ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ယူနီဗာဆယ်ရုပ်ရှင် ကုမ္ပဏီက ရုံတင်မည်ဖြစ်ကြောင်း သိရသည်။

KKO



# မြိတ်မြို့နယ်တွင် အုန်းလက်မှုပညာထုတ်ကုန်လုပ်ငန်းအခြေခံသင်တန်းဖွင့်လှစ်သင်ကြားလျက်ရှိ

**မြိတ် အောက်တိုဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် အုန်းလက်မှုပညာထုတ်ကုန်လုပ်ငန်းအခြေခံသင်တန်းဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သူသူစံက ပြောပြ၍သိရသည်။

မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာတွင် ဒေသထွက်အုန်းသီးများမှ စွန့်ပစ်ပစ္စည်း အုန်းမှုတ်ခွက်ကုန်ကြမ်းပစ္စည်းများကိုအခြေခံ၍ ကျေးလက်ဒေသတွင်း ကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာစေရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အုန်းအခြေခံလက်မှုထည် ကာလတိုသင်တန်းကို မြိတ်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အောက်တိုဘာ ၁၂ ရက်မှ အောက်တိုဘာ ၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်နေကြောင်း သိရသည်။

"ဒေသထွက်အုန်းကို အခြေခံပြီး ပြန်လည်အသုံးပြုမှုနည်းပါးတဲ့ အုန်းမှုတ်ခွက်နှင့် အုန်းခွံတွေကို အရည်အသွေးကောင်းမွန်ပြီး သပ်ရပ်လှပတဲ့ လူသုံးကုန်ပစ္စည်းတွေ၊ ထုတ်ကုန် အသစ်အဆန်းတွေ၊ ဒီဇိုင်းအသစ်တွေ တီထွင်ပြီးတော့ ထုတ်လုပ် ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားလာစေဖို့၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းတွေ ဖြစ်ထွန်းပေါ်ပေါက်လာစေဖို့နဲ့ အုန်းအခြေခံလက်မှုပညာထုတ်ကုန်တွေကို ထုတ်လုပ်တဲ့ ကျေးရွာတွေဖြစ်လာတဲ့ထိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက နည်းပညာတွေ ဖြန့်ဝေပြီးတော့ သမဝါယမဦးစီးဌာနရဲ့ ဈေးကွက်၊ အရင်းအနှီးပံ့ပိုးမှုတွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဒေါ်သူသူစံက ပြောပြသည်။



သင်တန်းတွင် အုန်းလက်မှုထည် အခြေခံသဘောတရား၊ မီးဆိုင်းပြုလုပ်နည်း၊ မီးအိမ်ပြုလုပ်နည်း၊ ဖန်စီပစ္စည်းများ ပြုလုပ်နည်း၊ သော့ချိတ်အမျိုးမျိုးပြုလုပ်နည်း၊ လူသုံးကုန်ခွက်အမျိုးမျိုးပြုလုပ်နည်း၊ Pattern ရေးဆွဲနည်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဥပဒေများအကြောင်းနှင့် သင်တန်းဆန်းစစ်ချက်များ စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Strangers ဇာတ်ကားတွင် မင်းသမီး အမ်မာဟောဗက် ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၁၃**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Strangers ဇာတ်ကားတွင် The Lord of the Rings မင်းသမီး အမ်မာဟောဗက် ပါဝင်လာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

The Strangers ဇာတ်ကားတွင် အမ်မာဟောဗက်သည် မင်းသမီး မက်ဒယ်လင်းပက်၊ မင်းသား ဖရွိုင်းဂွတီအာရက်တို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသမီး အမ်မာဟောဗက်သည် The Lord of the Rings: The Rings of Power ဇာတ်ကားဖြင့် နာမည်ရလာသည့် မင်းသမီးဖြစ်သည်။

လက်ရှိအချိန်တွင် The Strangers ဇာတ်ကား၌ အမ်မာဟောဗက် သရုပ်ဆောင်ရမည့် ဇာတ်ကောင်စရိုက်အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

The Strangers ဇာတ်ကားသည် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Strangers(2008) ကို ပြန်လည်ဆန်းသစ် ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Strangers ဇာတ်ကားကို ဒါရိုက်တာ ရန်နီဟာလင်းက တာဝန်ယူရိုက်ကူးလျက်ရှိကြောင်း သိရသည်။

KKO



# မကွေးမြို့နယ် လက်ပံရွာသစ်ကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မကွေး အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံရွာသစ်ကျေးရွာ၌ သောက်သုံးရေ ရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်း၊ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် တာဝန်ရှိသူများသည် လက်ပံရွာသစ်ကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ကုမ္ပဏီမှ တာဝန်ရှိသူများကို လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

မကွေးမြို့နယ် လက်ပံရွာသစ်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုရန်ပုံငွေ ကျပ် ၃၅ ဒသမ ၀၈၅ သန်းဖြင့် အကျယ် လေးလက်မ၊ အနက် ပေ ၈၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံရှစ်ပေ၊ အမြင့် ရှစ်ပေ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို Dears Brain ကုမ္ပဏီက ယခုနှစ် ဩဂုတ် ၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ကျေးရွာရှိ အိမ်ခြေ ၁၆၂ အိမ်၊ လူ ၇၃၁ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးက ပြောပြ၍ သိရသည်။

**အထွေး**

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing continues his attendance for choice of arms of 65th Intake of DSA


Senior General Min Aung Hlaing leads the session to select cadets for various military corps.

**Nay Pyi Taw October 13**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing this morning continuously attended the choice of arms for cadets of the 65th Intake of Defence Services Academy at the DSA in PyinOoLwin.

Also present at the choice of arms together with the Senior General were Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, senior military officers from the Office of the Commander-in-Chief, Commander of Central Command Maj-Gen Ko Ko Oo, the commandant of DSA and officials. They scrutinized and chose the corps of the Tatmadaw (Army, Navy and Air) for the cadets depending on their outstanding performances in literature and military subjects as well as their natural bent, diligence and industry.

In the afternoon, the Senior General had lunch together with cadets at the cadet mess hall of Bayintnaung Battalion and cordially greeted the cadets.


Senior General Min Aung Hlaing having lunch together with cadets.

At the local military hospital in PyinOoLwin, the Senior General cordially comforted the officers, other ranks, members of Myanmar Police Force and members of people's militia (local) who were injured in discharging duties of stability of the State, security, prevalence of law and order and asked about individual injuries and medical treatments. Then, the Senior General fulfilled their needs and presented foodstuffs.

The Senior General inspected completion of the radiation and cancer ward being built in the compound of the hospital and responded to the reports of officials, instructing them to systematically install water and power supply facilities, carry out construction tasks meeting the set standard for easily moving patients one place to another, construct the building in time and left other necessary instructions.

On arrival at the National Kandawgyi Garden, the Senior General and party viewed inflow of water to the lakes in the garden, greening tasks, and nurturing trees and flowery plants under care by car. 100


Senior General Min Aung Hlaing asks after the health of a patient.


Senior General Min Aung Hlaing presents gift to a patient.

# France sends Germany gas for first time amid Russia energy crisis

**Paris October 13**

France has sent gas to Germany for the first time in "European solidarity" amid increasing energy pressures.

The gas, delivered via a pipeline, is part of a deal between the countries to ease energy shortfalls after Russian turned off the taps to Europe.

Though the new flow is less than 2% of Germany's daily needs, it is welcome as Berlin battles to diversify its energy.

Russia has been accused of using gas supplies as a weapon against the West since the invasion of Ukraine.

French grid operator, GRTgaz, said it would initially deliver 31 gigawatt hours (GWh) per day, via a pipeline from the French border village of Obergailbach.

The maximum daily capacity of the new gas flow is 100 GWh, it added in a statement. BBC

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivers address at ceremony to commemorate International Day for Disaster Risk Reduction 2022



Vice-Senior General Soe Win addresses National Disaster Management Committee meeting.

**Nay PyiTaw October 13**

The ceremony to commemorate the International Day for Disaster Risk Reduction 2022 was held at the Ma Hotel in Nay Pyi Taw and Chairman of National Natural Disaster Management Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address at the ceremony.

Also present at the ceremony were union ministers, the commander of Nay Pyi Taw command, deputy ministers, permanent secretaries, directors- general, representatives from the UN, INGOs, NGOs and CSOs, students and officials.

First, the Vice-Senior General delivered an address, saying "The ceremony has been held since 13th October, 2010 annually by prioritizing sectors in accordance with goals, targeted sectors and fields included in Hyogo Framework (2005-2015) and Sendai Framework (2015-2030).

In accordance with Goal (7) (Target G) of the Sendai Framework: "**Substantially increase the availability of and access to multi-hazard early warning systems and disaster risk information and assessments to people**, the theme for this year's ceremony is designated as "Early Warning and Early Action for all" with the aim of strengthening early warning, preparedness and early action.

The theme urges all to take urgent action in respective sectors properly and immediately based on early warnings to reduce the impacts of disasters, highlighting the importance of early warning systems, one of the natural disaster risk reduction measures, and **preparation precedes success**, as the saying goes.

When it comes to natural disasters, it is necessary to consistently take measures for preparedness, emergency response, constant awareness and readiness.

As early warning systems play an important role in disaster management, the Global Platform for Disaster Risk Reduction (GP 2022) held in Bali, Indonesia, this year focused on strengthening the people-centered early warning system for all natural disasters, compiling correct natural disaster statistics and effective financial resources and natural disaster management.

Therefore, it is necessary to take systematic management action in real time based on early warnings together with strengthening early warning systems in accordance with the theme of this year.

Four priorities under four sectors Sendai Framework for implementation of early warning systems highlighted the needs to invest in, develop, maintain and strengthen people-centred multi-hazard, multi-sectoral forecasting and early warning systems, disaster risk and emergency communications mechanisms, social technologies and hazard-monitoring telecommunications systems; develop such systems through a participatory process; promote the application of simple and low-cost early warning equipment and facilities; broaden release channels for natural disaster early warning information.

According to studies on implementation of Sendai Framework for early warning systems across the world, Multi-Hazard Early Warning Systems (MHEWS) were implemented in 95 countries until April, 2022.

As Myanmar is a country with high risks and vulnerability of natural disasters, it is important to strengthen early warning systems for natural disasters. Disaster risks can be reduced only when people-centred early warning systems available to the people who will have to respond to natural disasters first are implemented and strengthened.

In Myanmar, forecasting natural disaster information and disseminating it to the public is mainly carried out by the Ministry of Transport and Telecommunication under the guidance of the National Natural Disaster Management Committee while other means including administrative channels and state-owned media are used to disseminate information to the public on the ground. Moreover, I would like to inform the public that the **Myanmar Disaster Alert (MDA)** mobile **application** has been developed to raise awareness of natural disasters and to make disaster information available to the public in real time.

Preparedness and preparations are fundamental to reducing loss and damage caused by natural disaster. When warnings are available in time, local people can be prepared individually or in families for evacuation. Officials concerned also need to engage in management affairs.

For disaster management, preparatory measures must be taken considering what can happen in future.

Natural disasters mainly result from global warming and climate change. So such issues should constantly be studied for possible impact and management based on our sources available.

According climate change data, average global temperature is estimated to increase by 4 to 7 degrees Fahrenheit by 2100. Sea level is like to increase by 28 to 97 cm. There could be lots of storms and sea surges. Drought regions could become drier while the regions with regular rainfall will experience more. Carbon emission will become excessive and toxic formation will become thick in the seas and oceans. These can be studied in world reports.

The sixth report of Intergovernmental Panel on Climate Change-IPCC stated that climate change effects are far worse than expected. In future, climate change will be experiences to a greater extent. High temperature will surely cause adverse effects and it is important to adapt to climate change.

Like in other parts of the world, Myanmar is no exception. Over the past 18 months, the country has seen 748 fires, 161 waves of flooding, 1,502 waves of strong winds and 1,178 other disasters including quakes totalling 3,589. The State had to provide over Ks-3,647 million for over 1.5 million victims.

According to the Intergovernmental Panel on Climate Change- IPCC report, Myanmar is ranked third among the most disaster venerable countries. So, pre-disaster warning and necessary management play a key role in reducing disasters, taking response measures and ensuring minimum impact.

This is why, work committees formed under the national committee and ministries need to cooperate more deeply. Region and state disaster management committees also need to have links with NGOs and community-based social organizations. Systematic cooperation between the people and private sector will reduce loss of human lives, destruction to infrastructure and economic loss.

Laws and rules have been passed for effective disaster management. The standing order on natural disaster management-2022 has recently been passed.

It is important to adopt a **people-centered prior warning system** and exactly follow the instructions in line with the warning system that includes prior warnings to reduce loss and damage caused by a disaster and preparedness and evacuation based on those prior warnings.

Based on our natural resources, sources available and experiences, we need to have constant links with the ASEAN countries and the international community, respect the international framework and agreements and learn developing technologies. Then, we will be able to reduce loss and damage caused by disaster. We must be able to live a disaster-resistant, sustainable socio-economic life.



Vice-Senior General Soe Win hears report on Disaster Management programs.

Next, the video message of Head of UNDRR Ms. Mami Mizutori was shown.

Then, Management Committee Vice Chairperson Union Minister Dr Thet Thet Khaing explained matters related to reduction in disaster-inflicted loss and damage.

The commemorative video was then shown.

Later, the Vice-Senior General, Union ministers, deputy ministers and officials posed for a documentary photo and viewed the commemorative booths and disaster relief and rescue equipment. 100

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses fifth work coordination meeting of Myanmar National Committee to Eliminate Child Labour




Vice-Senior General Soe Win addresses meeting of Myanmar National Committee to Eliminate Child Labour.

**Nay Pyi Taw October 13**

Myanmar National Committee to Eliminate Child Labour held fifth work coordination meeting at the Labour Ministry here at 2 pm addressed by Chairman of the committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were committee member Union ministers, the Nay Pyi Taw Council chairman, the permanent secretary and officials. Chief ministers who are Region/State work committee chairmen, members of secretariat, employer association, employee association, and social organizations attended the meeting through video conferencing.

The Vice-Senior General said the meeting was held to review the accomplishments of eight work committees and region/state work committees in connection with the national level child labour elimination project, and to establish links among the National Committee, eight work committees and region/state work committees. SAC reformed the National Committee with notification 358/2021 on 11 November 2021 with 37 members including the SAC Vice Chairman.

The fourth meeting adopted nine resolutions, and the secretariat, and the relevant bodies including eight national level work committees, recording work committee, awareness and ability promotion work committee were set up under respective notifications. The committee has launched knowledge propagation program in connection with child labour, drawn and amended laws in accord with the international norms, enhances qualification of Union level, region/state level and government organizations to settle child labour problems, designated responsibilities, implemented child labour elimination long-term plans through progress assessment.

The launching of the national level work project in January 2019 was approved in principle under six goals – to implement the national level project on child labour elimination through long-term and short-term programs, to designate three five-year short-term programs as one 15-year long-term program, and to implement the first five-year program with the goal of collecting precise basic facts, conducing awareness and ability promotion campaigns, generating educational and vocational opportunities, improving legal matters including amendment of laws and implementations, eliminating the worst forms of child labour and carrying out rehabilitation, and generating better employment vocational opportunities for families.

As per the national-level first five-year action plan for elimination of child labour, tasks for reduction and elimination of child labour are being taken in the first short-term five years from 2019 to 2023 in the prioritized fields of industrial manufacturing sector and commerce sectors in Kayin and Mon states and Bago, Yangon and Ayeyawady regions of the 15 regions and states.

Stability in macro economy and finance, especially in major sectors such as commodity production, economic reform looking forwards to development, reduction of poverty and development of human resources, development of good governance and public sector reform, and promotion of environmental sustainability are major challenges.

As child labour is part of the challenges on poverty reduction and development of human resources, priority must be given to implementation of major policies on investment in education, promotion of skill and employment, job opportunities for the youths and safe migration as a national duty.

It is learnt that COVID-19 pandemic has affected most of all the countries in the world causing less families' income and leading to higher poverty rate. In the situation of having no support, there is an increase in number of child labour for survival of households. Poverty, school closure and less social services force many children to work. They have faced exploitation and forced labour in dangerous work. Particularly, venerable young girls have experienced exploitation in agricultural and household maid jobs. It is essential to provide most child workers with social protection and policies on education, social protection, justice, and labour market are the matters to be given special consideration.

Surveys in the world show that a country could have at least 8.7 percent of child labour as long as there is one percent increase of poverty level in that country. One in 10 children is a child worker. In 2016, there were 152 million child workers in the world and 160 million in 2020, which means number of child labour increased by eight million in four years' time. Of them, 6.5 million are working in dangerous workplaces. Child labour has been a solution to all the families due to the pandemic and in 2022, it is seen that there are 8.9 million child workers across the world.

To be able to respond to the signs of having a surge in number of child workers, it is to cooperate in the sectors of ensuring perfect social protection, creating job opportunities for low-income families, promoting job opportunities for adults, making plans for enabling all children to go to school, providing free education and scrutinizing labour affairs, and ensuring rule of law. If there is an increase in social protection services on child labour based on the policy responding to the COVID-19, projection could be provided to achieve reduction of child labour.

The State Administration Council is giving priority to ensuring improvement of socio-economic life of all the people. Encouragement has been given to aiding businesses battered by COVID-19, reopening basic education high schools, promoting commodity production industries based on agriculture and livestock farming and implementing short-term businesses.

Furthermore, the national-level action plan for elimination of child labour was laid down for five years from 2019 to 2023. As per the action plan, special consideration must be given on carrying out tasks through linking with national-level committee and working committees on elimination of child labour, sub-committees and other relevant committees and civil society organizations.

Only if there is mental and physical development in children, will the future of the State be created well. As this is directly concerned with economic development, improvement of socio-economic life, and education development, it is a long-term plan to be implemented to achieve the goals of the national-level action plan for elimination of child labour. Beyond the year of 2023 when the five-year action plan will be over, ministries are to work together to enable members of the National Level Committee to quickly respond to reviewing advantages and disadvantages in implementing the plan.

Afterwards, Union Ministers Lt-Gen Soe Htut and Dr Pwint Hsan, vice-chairmen of the National Committee, reported on implementation of the national-level action plan for elimination of child labour.

Next, Secretary of the National Committee Deputy Minister for Labour U Win Shein briefed on tasks being taken as per the minutes of the 4th Meeting of the National Committee and tasks being carried out by the eight working committees.

Then, Members of the National Committee Union Ministers Lt-Gen Tun Tun Naung, U Win Shein, Dr Kan Zaw, Dr Thida Oo, U Tin Htut Oo, U Hla Moe, Dr Thet Thet Khine, U Saw Tun Aung Myint, the chairman of Nay Pyi Taw Council, deputy ministers, and chief ministers of region and state governments reported on sector-wise tasks of the national-level action plan for elimination of child labour.

Later, Joint Secretary of the National Committee Director-General of Factories and General Labour Law Inspection Department U Tin Ko Ko presented the minutes made at the 5th Meeting and got confirmation on it.

Afterwards, the Vice-Senior General gave necessary instructions on the reports and gave concluding remarks. 100

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win enjoys team-wise marionette contest


Vice-Senior General Soe Win enjoys marionette contest.



**Nay Pyi Taw October 13**

Patron of Leading Organizing Committee on the 23rd Myanmar Traditional Cultural Performing Arts Competitions Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win watched a marionette contest at the Ministry of Religious Affairs and Culture this evening.

Sagaing Region team performed the Ngapada Akakhara play in the armature level marionette (first class) contest. The Vice-Senior General was accompanied by the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, deputy ministers, officials and judges.

The first Myanmar Traditional Cultural Performing Arts Competitions was held in 1993 and for the first time marionette contest was included in the competitions in 1998. So, the marionette art that vanished during a certain length of time has regained popularity. The marionette art lost popularity together with the competitions that was halted due to certain reasons. Drama and marionette contests are included in this year's competition held to preserve Myanmar cultural heritage and to rediscover the traditional drama and marionette art. 100

# PDF terrorists, sidekick of CRPH and NUG, with intention of triggering utter devastation, destroying government machinery and halting regional development are blowing up or torching electricity pylons


Photo shows the destroyed 230 KV Shwemyo pylon 164.


Photo shows the repaired 230 KV Shwemyo pylon 164.


Terrorists destroyed the 66KV Kyunchaung-Myaing2 pylon 426.



The 66KV Kyunchaung-Myaing2 pylon 426 is repaired in time.

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၁၉-၂၀၂၃) အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီ ရှစ်ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လုပ်ငန်းကော်မတီများ၏ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ် ဆောင်ရွက်နိုင်ရန်နှင့် အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ ရှစ်ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လုပ်ငန်းကော်မတီများအကြား လုပ်ငန်းကဏ္ဍအလိုက် ပိုမိုညှိနှိုင်းချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ပဉ္စမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုကျင်းပရခြင်းဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၃၅၈/၂၀၂၁)ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၃၇ ဦးဖြင့် နောက်ဆုံးပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အစည်းအဝေး လေးကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း။

၂၀၂၁ ခုနှစ် ဧပြီ ၂၁ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်အမျိုးသားကော်မတီ အစည်းအဝေး၌ ဆုံးဖြတ်ချက် ကိုးချက်ချမှတ်ဆောင်ရွက်နိုင်ခဲ့ပြီး ဆုံးဖြတ်ချက်ကိုးချက်အရ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူးအဖွဲ့နှင့် အမျိုးသားအဆင့် လုပ်ငန်းကော်မတီ ရှစ်ခုဖြစ်သည့် စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ၊ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ၊ ဥပဒေရေးရာလုပ်ငန်းကော်မတီ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၊ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီ၊ ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီများကို အမိန့်ကြော်ငြာစာများဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ကော်မတီ၏ အကောင်အထည်ဖော်မှုသမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံ၌ ကလေးအလုပ်သမားဆိုင်ရာ အခြေခံဗဟုသုတများ ပြန့်ပွားစေရေးအတွက် အသိပညာနှင့်ဗဟုသုတ တိုးမြှင့်စေခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဥပဒေပြင်ဆင်ရေးဆွဲခြင်း၊ ကလေးအလုပ်သမားပြဿနာအပေါ် ဖြေရှင်းနိုင်ရန် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းချမှတ်၍ တိုးတက်မှုကို အကဲဖြတ်ခြင်းဖြင့် ရေရှည်တွင် ကလေးအလုပ်သမား လျော့နည်းပပျောက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ကာလတိုကာလရှည် အပိုင်းနှစ်ပိုင်းခွဲဆောင်ရွက်သွားရန်နှင့် ကာလတို ငါးနှစ်စီမံကိန်း သုံးကြိမ်ဖြင့် ကာလရှည် ၁၅ နှစ်စီမံကိန်း သတ်မှတ်ဆောင်ရွက်သွားရန် လျာထားပြီး ပထမငါးနှစ်စီမံကိန်းကို ခိုင်မာတိကျသော အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာအခွင့်အလမ်းများဖန်တီးခြင်း၊ ဥပဒေပိုင်းဆိုင်ရာပြင်ဆင်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုပိုမိုအားကောင်းလာစေခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများကို ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစားခြင်း၊ မိသားစုများအတွက် ပိုမိုကောင်းမွန်သောအသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း စသည့်ရည်မှန်းချက် ခြောက်ရပ်ဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်သွားရန် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို မူအားဖြင့် အတည်ပြုခဲ့ကြောင်း။

မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ပထမငါးနှစ်စီမံချက်ပါ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုအနက် ကနဦးစီမံချက်နယ်မြေများဖြစ်သော ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဦးစားပေးနယ်ပယ် နှစ်ခုဖြစ်သည့် စက်မှုကုန်ထုတ်ကဏ္ဍ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍတို့ရှိ ကလေးအလုပ်သမားများ လျော့နည်းပပျောက်ရေးကို ပထမကာလတို ငါးနှစ် (၂၀၁၉-၂၀၂၃) ခုနှစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေဆဲဖြစ်ကြောင်း။

မက်ခရိုစီးပွားရေးနှင့် ဘဏ္ဍာရေးတည်ငြိမ်ရေး အထူးသဖြင့် ကုန်ထုတ်လုပ်ငန်းကဲ့သို့ အဓိကကျသည့်ကဏ္ဍများ၊ ဖွံ့ဖြိုးတိုးတက်မှုရေရှည်တည်တံ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ဆင်းရဲမှုလျော့ချခြင်းနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမှု၊ အုပ်ချုပ်မှု တိုးတက်ကောင်းမွန်ရေးနှင့် ပြည်သူ့ကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေရေး မြှင့်တင်ပေးခြင်းတို့သည် အဓိကစိန်ခေါ်မှုများဖြစ်ကြောင်း။

ဆင်းရဲမှုလျော့ချခြင်းနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမှု ဟူသည့်စိန်ခေါ်မှုမှ ကလေးအလုပ်သမားအရေးကိစ္စသည်လည်း တစ်ခုအပါအဝင်ဖြစ်သည့်အတွက် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ကလေးအလုပ်သမားများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်ရရှိမှုမြှင့်တင်ပေးခြင်း၊ လူငယ်များ အလုပ်အကိုင်ရရှိရေး အလေးထားဆောင်ရွက်ပေးခြင်း၊ ဘေးကင်းသည့်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့နှင့်ပတ်သက်၍ အရေးကြီးသည့်မူဝါဒများဖြင့် လူမှုစီးပွား ဦးစားပေးမှုများအဖြစ် သတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအားလုံးနီးပါး ကိုဗစ်-၁၉ ကပ်ရောဂါရိုက်ခတ်မှုကြောင့် မိသားစုဝင်ငွေကို အကြီးအကျယ်ထိခိုက်စေသည့်အတွက် ဆင်းရဲမှုကို ပိုမိုဖြစ်ပွားစေပြီး အထောက်အပံ့မရှိသည့် အခြေအနေတွင် အိမ်ထောင်စုများ၏ အသက်ရှင်ရပ်တည်မှုတိုင်းအတွက် ကလေးအလုပ်သမားများ တိုးလာစေပြီး ဆင်းပါးမှု၊ ကျောင်းပိတ်ထားမှုနှင့် လူမှုရေးဝန်ဆောင်မှုများ လျော့ကျမှု စသည့်အချက်များ ကလေးအများအပြားကို လုပ်ငန်းခွင်သို့ တွန်းပို့နေပြီး ခေါင်းပုံဖြတ်ခံရခြင်း၊ အန္တရာယ်ရှိသည့်လုပ်ငန်း၌ အတင်းအကျပ်ခိုင်းစေခံရခြင်း၊ အထူးသဖြင့် အားနည်းသည့် မိန်းကလေးငယ်များအနေဖြင့် စိုက်ပျိုးရေးနှင့် အိမ်အကူလုပ်ငန်းများတွင် ခေါင်းပုံဖြတ်ခံရမှုများ ကြုံတွေ့လျက်ရှိသည်ကို သိရကြောင်း၊ ကလေးအလုပ်သမားအများစုအတွက် လူမှုအကာအကွယ်အထောက်အပံ့ပေးနိုင်ရန် မဖြစ်မနေလိုအပ်သည့်ကိစ္စဖြစ်သကဲ့သို့ ပညာရေး၊ လူမှုအကာအကွယ်၊ တရားမျှတမှု၊ အလုပ်သမားဈေးကွက်များနှင့်သက်ဆိုင်သည့်မူဝါဒများသည် အလေးထားစရာကိစ္စတစ်ရပ်ဖြစ်လာကြောင်း။

ကမ္ဘာ့စစ်တမ်းများအရ ဆင်းရဲမှုတစ်ရာခိုင်နှုန်းတိုးလာသည်နှင့်အမျှ နိုင်ငံများတွင် ကလေးအလုပ်သမား အနည်းဆုံး ၈ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ပေါ်လာစေနိုင်သည်ကို ဖော်ပြနေကြောင်း၊ ကလေးသူငယ်ဦးရေ ၁၀ ယောက်တွင် တစ်ယောက်သည် ကလေးအလုပ်သမားဖြစ်နေကြပြီး ၂၀၁၆ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ ကလေးအလုပ်သမားစုစုပေါင်း ၁၅၂ သန်းရှိခဲ့ကာ ၂၀၂၀ ပြည့်နှစ်တွင် ကလေးအလုပ်သမားစုစုပေါင်း သန်း ၁၆၀ ရှိသဖြင့် လေးနှစ်တာကာလအတွင်း ကလေးအလုပ်သမား ရှစ်သန်းကျော် တိုးလာကြောင်း၊ ၎င်းတို့အတွင်းမှ ၆ ဒသမ ၅ သန်းသည် အန္တရာယ်ရှိသောလုပ်ငန်းခွင်များ၌ လုပ်ကိုင်နေရသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မိသားစုအားလုံးအတွက် ကလေးအလုပ်သမားက ဖြေရှင်းမှုယန္တရားတစ်ခုကဲ့သို့ဖြစ်လာခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ၈ ဒသမ ၉ သန်းနီးပါး ကလေးအလုပ်သမားဖြစ်လာသည်ကိုတွေ့ရကြောင်း။

ကလေးအလုပ်သမား တိုးပွားလာသည့်လက္ခဏာများကိုတုံ့ပြန်နိုင်ရန် ပြည့်စုံသည့်လူမှုအကာအကွယ်၊ ဆင်းရဲသောမိသားစုများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အရွယ်ရောက်ပြီးသူများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များ တိုးမြှင့်ခြင်း၊ ကျောင်းများသို့ ကလေးအားလုံး ရောက်ရှိစေသည့် စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊ အခမဲ့ပညာရေးနှင့် အလုပ်သမားရေးရာစစ်ဆေးခြင်း၊ ဥပဒေစိုးမိုးခြင်းနှင့်ပတ်သက်၍ ပိုမိုခိုင်မာအောင်ဆောင်ရွက်ခြင်း စသည့်ကဏ္ဍများကို ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ကိုဗစ်-၁၉ ရောဂါကို တုံ့ပြန်ဆောင်ရွက်သည့် မူဝါဒအပေါ် မူတည်၍ ကလေးအလုပ်သမားအရေးပါဝင်သည့် လူမှုအကာအကွယ်ပေးရေးလုပ်ငန်းများ များပြားလာပါက ကလေးအလုပ်သမားဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အလေးပေးဖော်ဆောင်ပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအပေါ် ကူညီဆောင်ရွက်ပေးခြင်း၊ အခြေခံပညာကျောင်းများပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားပေးခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးခြင်းနှင့် Quick Win ကဲ့သို့ လျင်မြန်စွာအကောင်အထည်ဖော်အကျိုးရှိစေမည့် ကာလတိုစီးပွားရေးလုပ်ငန်းများကိုလည်း အားပေးအကောင်အထည်ဖော်ပေးလျက်ရှိကြောင်း။

ဆက်လက်ပြီး မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ၂၀၁၉ ခုနှစ်မှစ၍ ၂၀၂၃ ခုနှစ်ထိ ငါးနှစ်တာ ကာလတိုစီမံချက်ရေးဆွဲဆောင်ရွက်လာခဲ့ရာ အမျိုးသားအဆင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် အခြားသက်ဆိုင်ရာကော်မတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဆက်လက်အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကလေးသူငယ်များ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသာ နိုင်ငံတော်၏ အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်သက်ဆိုင်နေသည့်အတွက် **စာမျက်နှာ ၁၉ ကော်လံ ၁ သို့**

# ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ






**မန္တလေး အောက်တိုဘာ ၁၃**

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းကကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊တိုင်းဒေသကြီးဝန်ကြီးများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အခမ်းအနားကို ၂၀၁၀ ပြည့်နှစ်မှစတင်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်အောက်တိုဘာ ၁၃ ရက် ရောက်တိုင်းကျင်းပလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၃ ခုနှစ်မှစတင် ကျင်းပခဲ့ကြောင်း၊ မျက်မှောက်ကာလ၌ နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ မန္တလေးတိုင်းဒေသကြီး၌ လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ဘေးဖြစ်ပွားမှုပေါင်းအကြိမ် ၁၀၀၀ ခန့်ရှိခဲ့ရာ လူဦးရေ ၁၅၀၀၀၀ ကျော် ဘေးဒုက္ခခံစားခဲ့ရပြီး ၁၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရကြောင်း၊ ပျက်စီးဆုံးရှုံးမှုအနေဖြင့် ခန့်မှန်းခြေ ငွေကျပ်သန်း ၂၀၀၀ ကျော်ရှိခဲ့ပြီး တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ငွေကျပ်သန်း ၁၄၀၀ ကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့ထိ ဘေးဖြစ်ပွားမှုများအတွက် ထောက်ပံ့မှုနှင့် သဘာဝဘေး လျော့ပါးရေးလုပ်ငန်းများအတွက် ငွေကျပ်သန်း ၁၈၀၀ ကျော်တို့ကို အသုံးပြုခဲ့ကြောင်း၊ ဘေးအန္တရာယ်များကို ဆောလျင်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုစွမ်းဆောင်ရည် အားကောင်းစေရန်၊ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကိုယ်တိုင်ရင်ဆိုင်တုံ့ပြန်နိုင်သည့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်လိုအပ်ပြီး ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်နိုင်သည့် မြန်မာနိုင်ငံဖြစ်လာစေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာဌာနအကြီးအကဲ Ms. Mami Mizutori ၏ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အတွက် ပြောကြားသော သတင်းစကားဗီဒီယိုနှင့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုတို့ကို ပြသခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ၂၀၂၂ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်



**မန္တလေး အောက်တိုဘာ ၁၃**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းနားကို မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ Multipurpose Stadium တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက အမှာစကားပြောကြားသည်။

ဆက်လက်၍ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်များ ရွတ်ဆိုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင် အားကစားများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ထောက်ပံ့ငွေကျပ် ၄၁၀၀၀၀၀ ကိုပေးအပ်ပြီး မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် မျိုးဆက်သစ်လူငယ်များ၏သရုပ်ပြသမှုနှင့် ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပြိုင်ပွဲများကို အောက်တိုဘာ ၁၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

World Food Day

## ကမ္ဘာ့စားနပ်ရိက္ခာနေ့

**၂၀၂၂ အောက်တိုဘာ ၁၆ ရက်**

ထွက်ကုန်မြှင့်တင် တိုးထုတ်လျှင်
ကောင်းမွန်ပြည့်ဝ အာဟာရ၊ ဝန်းကျင်လှပ တို့ဘဝ
လူတိုင်းစေ့င ရရှိကြ

# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော် ကင်မွန်းချောင်းတောင်တက်ကားဂိတ်ရှိ ဘုရားဖူးပြည်သူလူထုကို အကြမ်းဖက်အဖွဲ့များက ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၃ ရက်**

၁။ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော် ကင်မွန်းချောင်းတောင်တက်ကားဂိတ်ကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် KNU/KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကျိုက်ထိုမြို့နယ် ဆောင်နိုင်ကြီးကျေးရွာဘက်မှ မော်တော်ယာဉ် တစ်စီးဖြင့်ရောက်ရှိလာပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်စွာ ပစ်ခတ်ခဲ့သည့်အတွက် ဘုရားဖူးပြည်သူ အမျိုးသမီး သုံးဦး သေဆုံးခဲ့ပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ KNU/KNLA အနေဖြင့် နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်ရာ လက်ရှိကာလတွင် တပ်မတော်နှင့် သဘောထားချင်းမတိုက်ဆိုင်သည့်တိုင်အောင် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိရာ ယခုကဲ့သို့ သီတင်းကျွတ်ကာလ ကျိုက်ထီးရိုးဘုရားဖူးပြည်သူများ မော်တော်ယာဉ်စီးရန်စောင့်ဆိုင်းနေသည့် ကင်မွန်းချောင်းတောင်တက်ကားဂိတ်သို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရက်စက်ယုတ်မာရိုင်းစိုင်းစွာပစ်ခတ်ခဲ့ခြင်းကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချသည်။

၃။ NCA သဘောတူစာချုပ် အခန်း(၃)ပါ အရပ်သားများကို အကာအကွယ်ပေးခြင်းကဏ္ဍတွင်လည်း ပြည်သူလူထုစားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးတို့ကို လိုအပ်သလို ပံ့ပိုးကူညီမှုများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်အပြင် ပြည်သူလူထုအပေါ် အကြမ်းဖက်ခြင်း၊ လူသားမဆန်စွာပြုမူဆက်ဆံခြင်း၊ သတ်ဖြတ်ခြင်းများ မပြုလုပ်ရန်နှင့် ပြည်သူလူထု၏ ဘာသာရေး၊ စာပေ၊ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းဆိုင်ရာထိန်းသိမ်းစောင့်ရှောက်မှုများကို နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့် ပျက်စီးစေခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုလုပ်ရဆိုသည့် လိုက်နာရမည့်အချက်များကိုလည်း ဖောက်ဖျက်ကျူးလွန်ခဲ့ပြီး လက်နက်မဲ့ပြည်သူများကို ရက်စက်စွာ အကြမ်းဖက်ပြစ်မှုကျူးလွန်ခဲ့သူများကို ထိထိရောက်ရောက်အပြစ်ပေးအရေးယူရမည်ဖြစ်သည်။

၄။ ကျိုက်ထီးရိုးဆံတော်ရှင်စေတီ ကင်မွန်းချောင်းတောင်တက်ကားဂိတ်ရှိ ဘုရားဖူးပြည်သူများကို အကြမ်းဖက်သမားများက အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ရာတွင် ၎င်းတို့လာရောက်ခဲ့သည့်နေရာဖြစ်သည့် ကျိုက်ထိုမြို့နယ် ဆောင်နိုင်ကြီးကျေးရွာသည် KNU/KNLA တပ်မဟာ(၁)က လွှမ်းမိုးသည့်နေရာဖြစ်သည်။ ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက် PDFများကို စစ်သင်တန်းပေးခြင်း၊ အကြမ်းဖက်သင်တန်းပေးခြင်း ပြုလုပ်ပြီး ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ပံ့ပိုးပေးနေသည့် KNU/KNLA အဖွဲ့၌ အဓိကတာဝန်ရှိသည်။ ဘုရားဖူးလာပြည်သူများ၊ ဒေသခံပြည်သူများ၏ ပြောကြားချက်နှင့် သက်သေခံချက်များအရလည်း ၎င်းတို့၌ အဓိကတာဝန်ရှိကြောင်းပေါ်လွင်သည်။

၅။ သို့ဖြစ်၍ အပြစ်မဲ့ဘုရားဖူးပြည်သူများကို ရက်စက်စွာအကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူအမျိုးသမီး သုံးဦးသေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိအောင် ပြုမူလုပ်ဆောင်ခဲ့သည့် NUG၊ CRPH အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများနှင့် KNU/ KNLA တပ်မဟာ(၁)မှ တပ်ဖွဲ့ဝင်များကို KNU/KNLA အဖွဲ့အနေဖြင့် အမြန်ဆုံးစုံစမ်းစစ်ဆေးဖော်ထုတ်၍ တရားဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ**

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၃**

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်)တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **"မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိန်ကြယ်ညီးလင်း"(မွန်)ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူကျွန်းလုံး"(သီချင်းခံ)ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စက်လဲဘုံဘွေ"(ပတ်ပျိုး)ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်က "နှင်းယွန်းဂိမှာန်"(မွန်)ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းမြိုင်လယ်"(ယိုးဒယား)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အာကာတစ်ခို"(ပတ်ပျိုး)ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်"(ဘွဲ့)ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ရွှေပစ္စုန်"(ယိုးဒယား)ဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေကြီးမှ ပြိုင်ပွဲဝင်က "ရွှန်းရွှန်းမြ"(သီချင်းခံ) ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂီတရေစီးကြောင်း"သီချင်းဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "နီးအောင်ပင်လှမ်း" သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သုံးရွှေ့လယ်" သီချင်းဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဂီတအခြေခံ" သီချင်းဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ချစ်မိုးကြီး" သီချင်းဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သံယောဇဉ်" သီချင်းဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆယ့်နှစ်လရာသီ" သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မျိုးချစ်စိတ်" သီချင်းဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မိုးကြိုးတေးအလှ နယုန်လ" သီချင်းဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အမှတ်မထင်" သီချင်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အမတမျိုးစေ့" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၅ နှစ် မှ ၂၀ နှစ်အတွင်း အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သူရကန်အရောင်မှိတ်သော်လည်း" သီချင်းဖြင့် လည်းကောင်း၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လမြတ်တန်ဆောင်"သီချင်းဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ကိုယ့်အမျိုးကိုကိုယ်ချစ်" သီချင်းဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြပုဏ္ဏမာ"သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall တို့၌ ကျင်းပရာ "ငါးပါးအကွရာ" ဇာတ်တော်ကြီး ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဒေယျာသီရိ ရုပ်စုံသဘင်အဖွဲ့ကလည်းကောင်း၊ "ရာမယဏ"ဇာတ်တော်ကြီး ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုသဘင်အဖွဲ့ကလည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားအကပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးအကပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း အမျိုးသမီးအကပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ၏ သီချင်းသံစဉ်ကိုက်ညီ လေ့ကျင့်ခြင်း**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "အားမာန်သစ်တည် ရွှေ့သို့ချီ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ သံစဉ်ထည့်သွင်း လေ့ကျင့်သီဆိုကြသည်။

**ဆိုင်းအဖွဲ့အလိုက် အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် အသက် ၁၅ နှစ် မှ ၂၀ နှစ်အတွင်း အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အဖွဲ့က လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အဖွဲ့ကလည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များကလည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရှစ်စုံရွက်ကြာ"(ပတ်ပျိုး)ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "တောနှင့်တောင်စွယ်" (ယိုးဒယား)ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဇေယျာမြို့"(ကြိုး)ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "လာချေပြီ"(ကြိုး)ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြမန်းဂီရိ"(ယိုးဒယား)ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ခေါ်ပါယောင်ဝတ်တော်ရုံ" (ဝတ်တော်ရုံဘွဲ့)ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဆန်းနွေဦး" (ယိုးဒယား)ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သီလာမြေယံ"(ကြိုး) ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခေါ်ပါယောင်ဝတ်တော်ရုံ" (ဝတ်တော်ရုံဘွဲ့)ဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ပတ္တလားအတီးပြိုင်ပွဲ**ကို နေပြည်တော်ရှိ အမျိုးသားပြတိုက် Mini Theatre ၌ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက "ချစ်သမျှကို"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ဇမ္ဗူကျွန်းလုံး"(သီချင်းခံ) ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက "ထောင်ရောင်နေကသာ"(သီချင်းခံ)ဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်က "ဖော်ကွာဝေး"(ယိုးဒယား)ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သိင်္ဂါရွှေရောင်" (ပတ်ပျိုး)ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ချစ်သမျှကို" (ပတ်ပျိုး)ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိမင်္ဂလာ"(ဘွဲ့) ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပြောင်ပြောင်နာဂိန်"(ကြိုး)ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "လူမနော"(ပတ်ပျိုး)ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့ညိုပြာ"(ကြိုး) ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက "ဖြေလျော့ဖေ"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့ညိုပြာ"(ကြိုး)ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "တောနှင့်တောင်စွယ်"(ယိုးဒယား) ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**မယ်ဒလင်အတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူရောင်ကွန့် "(ဘွဲ့)ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သုံးရောင်ခြယ်"(ကာလပေါ်)ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မြူဝန်းလို့ခို"(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူရောင်ကွန့်"(ဘွဲ့) ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သုံးရောင်ခြယ်"(ကာလပေါ်) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "မှူးရိပ်ကယ်တည့်ဝေမှောင်"(ကြိုး)ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၅ နှစ် မှ ၂၀ နှစ်အတွင်း အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သီရိရတနာ"(ကာလပေါ်)ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အသက် ၁၅ နှစ် မှ ၂၀ နှစ်အတွင်း အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "ကုဏ္ဍလာအိုင်"(ယိုးဒယား)ဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲများကျင်းပရာ နေရာအသီးသီးသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒေသတွင်း စိုက်ပျိုး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်



အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ဧရာဝတီတိုင်းဒေသကြီး ကွင်းကောက်မြို့ရှိ နယ်မြေခံ သင်တန်းကျောင်းတွင် DYL ဝက် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး ကွင်းကောက်မြို့ရှိ နယ်မြေခံသင်တန်းကျောင်းတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဥစားကြက်မွေးမြူထားရှိမှု၊ DYL ဝက်မွေးမြူထားရှိမှု၊ နို့စားနွားမွေးမြူထားရှိမှုနှင့် ဆိတ်မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၃**

ချင်းပြည်နယ်တွင် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အခမ်းအနားကို ယနေ့တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။



ချင်းပြည်နယ်တွင် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားကျင်းပစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



မြိတ်မြို့နယ်၌ တာဝန်ရှိသူများက ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် Mask များကို အခမဲ့ပေးဝေလှူဒါန်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၆၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၆၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၇၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၃၉၉၇ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄မြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

# အောက်တိုဘာ ၁၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၃၁၀ တွေ့ရှိပြီး ယနေ့ တစ်ဦးသေဆုံး

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၇၆၃၈ ဦး |
| သေဆုံးသူ | ၁၉၄၆၉ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၁၅၉၃ ဦး |

**နေပြည်တော် အောက်တိုဘာ ၁၃**

အောက်တိုဘာ ၁၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၀၉၄၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၃၁၀ တွေ့ရှိပြီး ယနေ့တွင် တစ်ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုးများခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# CRPH နှင့် NUGတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများမရှိစေရေးစသည့်ရည်ရွယ်ချက်များဖြင့် လျှပ်စစ်ဓာတ်အားလိုင်းများအား မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီး

ကေဗွီ ၂၃၀ ဘလခ(၂)- ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင် အမှတ် (၁၆၄)အား ဖျက်ဆီး ထားရှိမှုကို တွေ့ရစဉ်။




ကေဗွီ ၂၃၀ ဘလခ(၂)- ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင် အမှတ် (၁၆၄)အား ပြန်လည်ပြုပြင် ပြီးစီးမှုကို တွေ့ရစဉ်။





၆၆ ကေဗွီ ကျွန်းချောင်း- မြိုင်(၂) ဓာတ်အားလိုင်း တိုင်အမှတ် (၄၂၆) Ten;တိုင်အား ဖျက်ဆီး ထားရှိမှုကို တွေ့ရစဉ်။




၆၆ ကေဗွီ ကျွန်းချောင်း- မြိုင်(၂) ဓာတ်အားလိုင်း တိုင်အမှတ် (၄၂၆) Ten;တိုင်အား ပြန်လည်ပြုပြင် ပြီးစီးမှုကို တွေ့ရစဉ်။

## စစ်ကိုင်းမြို့နယ် ညောင်ငုတ်တိုကျေးရွာရှိ သစ္စာရွှေဂူဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော် ဦးကောဏ္ဍညအား PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာသတ်ဖြတ်၍ ဘုန်းကြီးကျောင်းပိုင် မော်တော်ယာဉ်တစ်စီးကို လုယက်ယူဆောင်

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများအား စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့ပြုလုပ်လျက်ရှိရာတွင် ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ငုတ်တိုကျေးရွာရှိ သစ္စာရွှေဂူဘုန်းကြီးကျောင်းတွင် သီတင်းသုံးနေထိုင်သည့် ခန်းနေဆရာတော် ဦးကောဏ္ဍည သက်တော် ၅၀ နှစ် သိက္ခာတော်ဝါ ၂၀ သည် ဆားတောင်မြို့ပေါ်ရပ်ကွက်များသို့ ဆွမ်းခံရန်အတွက် ဘုန်းကြီးကျောင်းပိုင် ယာဉ်အမှတ် (စိစစ်ဆဲ) Hijet အဖြူရောင်ယာဉ်ဖြင့် ထွက်ခွာလာစဉ် ဘုန်းကြီးကျောင်းရှေ့လမ်းပေါ် အရောက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၁၅ ဦး(စိစစ်ဆဲ)က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ ဦးခေါင်းအားဖြတ်၍ အဆိုပါကျောင်းရှေ့လမ်းမပေါ်တွင် ထားခဲ့ပြီး Hijet အဖြူရောင်ယာဉ်အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ဆရာတော် ဦးကောဏ္ဍညတွင် ဦးခေါင်းပြတ်လျက် သေနတ်ထိမှန်ဒဏ်ရာများဖြင့် အချင်းဖြစ်နေရာ၌ ပျံလွန်တော်မူသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၆ ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အထက်ပါဖြစ်စဉ်မှ သာသနာ့အနွယ်ဝင် သံဃာတော်အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကိုဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် ရွှေကူမြို့နယ် အမှတ်(၂)ရပ်ကွက်နေ မြင့်ဇူသင်းသည် ၎င်းအသုံးပြုသည့် "Myint Zu" Facebook အကောင့်၊ ကရင်ပြည်နယ် ဘားအံမြို့နယ် အမှတ်(၂)ရပ်ကွက်နေ သင်းငွေစိုးသည် ၎င်းအသုံးပြုသည့် "Thin Ngwe Soe"Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျိုက်ပေါကျေးရွာနေ လဲ့လဲ့ဝင်း(ခ)မိချမ်းနှင့် ကျွန်းသာယာရပ်ကွက်နေ အေးမင်းသန့်(ခ)ကျော်ဇင်လတ်တို့သည် ၎င်းတို့အသုံးပြုသည့် "Lae Lae Win"Facebookအကောင့်၊ "Kyaw Zin Latt"Facebook အကောင့်တို့သည် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ရခိုင်ပြည်နယ်ရှိ စစ်တွေဟိုတယ်ကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းဆောင်ရွက်ပေးသွားမည်



**စစ်တွေ အောက်တိုဘာ ၁၃**

ရခိုင်ပြည်နယ်ရှိ စစ်တွေဟိုတယ်ကို ပြည်တွင်းပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သတင်းများအရ သိရသည်။

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် စစ်တွေမြို့နယ် အနောက်စံပြရပ်ကွက် အကွက်အမှတ်(၅၄) ပင်လယ်ကမ်းနားရှိ စစ်တွေဟိုတယ်ကို ပြည်တွင်းပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်ရှိ စစ်တွေဟိုတယ်သည် ဦးပိုင်အမှတ် (ယ/ ၃၇၊ခ/ ၃၇၊ ဆ/၃၇၊ ဈ/ ၃၇၊ ည/၃၇၊ ဋ/၃၇)စသည့် မြေဧရိယာအကျယ်အဝန်း ၃၅ ဒသမ ၂၇ ဧကပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး အဆိုပါစစ်တွေဟိုတယ်ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ဆောင်ရွက်လိုသည့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် တင်ဒါအဆိုပြုလွှာပုံစံများကို ယခုနှစ် အောက်တိုဘာ ၁၁ ရက်မှစ၍ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ရယူနိုင်ပြီး ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်တင်သွင်း ကြရမည်ဖြစ်ကြောင်း သိရသည်။

တင်ဒါအဆိုပြုလွှာ တင်သွင်းလိုသူများအနေဖြင့် တင်ဒါမှတ်ပုံတင်ကြေးငွေကျပ် ၁၀၀၀၀ ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်ငွေစာရင်းအမှတ် MOO 10 337 သို့ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ယခုနှစ် အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီတွင် တင်ဒါလျှောက်လွှာပိတ်သိမ်းမည်ဖြစ်ပြီး ယခုနှစ် နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် တင်ဒါဖွင့်ဖောက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သတင်းများအရ သိရသည်။

**ချမ်းချမ်း**

# ဆိပ်ဖြူမြို့နယ် ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေး

**ဆိပ်ဖြူ အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးသိမ့်သိမ့်ကျော်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆူးလေကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၄၅၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဆူးလေကုန်းကျေးရွာ၌ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၅ ဦးကို ငွေကျပ် ၃၅၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၅၇ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**



# သီပေါမြို့နယ် ခိုင်းဆင်ကျန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သီပေါ အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် သီပေါမြို့နယ် ခိုင်းဆင်ကျန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းနှင့် ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သီပေါမြို့နယ် ခိုင်းဆင်ကျန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ခိုင်းဆင်ကျေးရွာတွင်း လမ်းအရှည်ပေ ၇၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၄၆ ဒသမ ၃၅ သိန်း စုစုပေါင်းငွေကျပ် ၁၄၆ ဒသမ ၃၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများမှ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းထံမှ သိရသည်။

**နံ့လာ**

## စပါးပေါ်ချိန်

\- လယ်မြေပြင် ကွင်းအနှံ့မှာလ
တကယ်ဝေလွင် ရှင်းသန့်ပါလို့
ဝင်းဖန့်ဖန့် အရောင်ဝါ
သင်းရနံ့ဆောင်ရှာပါတယ်
အဘမောင်ပြာ စိုက်ထားသမျှ
စပါးက အသီးစုံကာ။

\- ကျေးလက်မြေ ဌာနေနန်းက
သာချေလျှမ်းဘိ ကျက်သရေဆောင်
မက်မပြေအောင် မနော့ဆွေရည်
ပြောဝေစည် အလှူပေးလို့
မူမရွေးဗျို့ သဒ္ဓါကြွယ်
မဟာအနွယ် ဂုဏ်အထပ်နှင်းမည့်
မြတ်မင်္ဂလာ။

\- သားရှင်ပြု သမီးနားသနှင့်
အနီးထားသမျှ အဓိဋ္ဌာန်ရည်
နိဗ္ဗာန်ဆီ ရစေကြောင်း
မတောင်းတစေအပေါင်း
ညွန့်သပြေ ရေစင်လောင်းလို့
ကောင်းဖို့ ဆုပန်စွာ
ပြုကြံကာ ရစေရေး။

\- အဘမောင်ပြာ အရွယ်အိုလှသော်လည်း
အရဆောင်ကာ ကြွယ်သလိုရစော်ကဲ
အပျော်ပွဲဆင့် အတည်တည်မှာ
အဖော်မြဝင့် ညီညီညာညာ
အကြည်ကြည်သာ နှစ်ပါးဆိုင်လို့
အားပြိုင်သဗျို့ ကုသိုလ်ထူ
အမှုပိုမယူ မြတ်စိတ်ထားနှင့်
အထပ်ထပ် ဖိတ်ကြားကာ
စပါးပေါ်ချိန် ခါသမယ
လှူကြရဲ့လေး။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# မြင်းခြံမြို့နယ်၌ သံဂဟေဆက်သင်တန်းဖွင့်

**မြင်းခြံ အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သံဂဟေဆက်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်ဦးက သင်တန်းဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နှင်းယုလွင်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာက သင်ကြားပေးမည့် သင်ခန်းစာများကို ရှင်းလင်းတင်ပြကာ တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ မြင်းခြံမြို့နယ်အတွင်းရှိ VDP စီမံကိန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများမှ သင်တန်းသား ၁၀ ဦးတက်ရောက်ပြီး သင်တန်းကို အောက်တိုဘာ ၁၂ ရက်မှ ၂၆ ရက်ထိ သင်တန်းကာလ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

# ခရီးသွားလုပ်ငန်း ပြန်လည်ဆန်းသစ်သင့်သော သီရိလင်္ကာ

မောင်စိန်အိ(နဘဲမြေ)



ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သီရိလင်္ကာနိုင်ငံတွင် ခရီးသွားလုပ်ငန်းသည် အလုပ်အကိုင်များဖန်တီးပေးခြင်း၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခြင်းနှင့် အစိုးရအတွက် အခွန်ငွေများရှာဖွေပေးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူပြုလျက်ရှိသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံတွင် ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၁၂ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သည့် တတိယမြောက်အရင်းအမြစ်လည်းဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ ခရီးသွားပြည်သူ ၂ ဒသမ ၃ သန်း လာရောက်လည်ပတ်ခဲ့သောကြောင့် အခွန်ငွေ အမေရိကန်ဒေါ်လာ လေးဘီလီယံမှ ငါးဘီလီယံခန့်ရှိခဲ့သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်း ၄၀၀၀၀ ကျော်ကိုလည်း ဖန်တီးပေးနိုင်ခဲ့သည်။

သို့သော် ၂၀၁၉ ခုနှစ် ဧပြီလတွင်ကျရောက်သည့် အီစတာနေ့၌ ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ လူဦးရေ ၂၅၀ ကျော်သေဆုံးခဲ့ရာမှအစပြု၍ သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် တဖြည်းဖြည်းကျဆင်းလာခဲ့သည်။ ထိုသို့ဗုံးပေါက်ကွဲမှုများကြောင့် သေဆုံးခဲ့ရသူများတွင် သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသား ၄၂ ဦးလည်းပါဝင်သည်။ ထိုအချိန်မှစ၍ အချို့သောနိုင်ငံများသည် ၎င်းတို့ပြည်သူများကို သီရိလင်္ကာနိုင်ငံသို့ ခရီးသွားလာမှုမရှိစေရန် သတိပေးထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် ခရီးသွားဝင်ရောက်မှု သိသိသာသာကျဆင်းလာခဲ့ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် မေလတွင် ၇၀ ရာခိုင်နှုန်းနှင့်ဇွန်လတွင် ၆၀ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့သည်။

ထို့နောက် ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေပြန်လည်မြင့်မားလာခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံခန့်ရရှိခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ယူကရိန်းအရေးတို့ကြောင့် သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်ကျဆင်းခဲ့ရပြန်သည်။ ထို့ပြင် လက်ရှိစီးပွားရေးအကျပ်အတည်းသည် ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့လာရေးအတွက် အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။

**အတက်၊ အကျ သမိုင်းကြောင်း**

သီရိလင်္ကာနိုင်ငံ၏စီးပွားရေးတွင် ခရီးသွားလုပ်ငန်းက အထောက်အကူပြုနိုင်ခဲ့မှုသမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်မည်ဆိုလျှင် အစိုးရသည် ၁၉၆၀ ပြည့်လွန်နှစ်များတွင် ခရီးသွားလုပ်ငန်းအဆင့်မြှင့်တင်နိုင်ရေးအတွက် မူဝါဒများချမှတ်ခဲ့သည်။ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဆွဲဆောင်နိုင်ရေးအတွက် တည်းခိုနေထိုင်ရေးနှင့် ခရီးသွားလာမှုအခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်တည်ဆောက်ခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် ၁၉၇၀ ပြည့်လွန်နှောင်းပိုင်းကာလများတွင် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်ပေးခဲ့ပြီး ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ခဲ့သည်။ သို့သော် ၁၉၈၃ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော သီရိလင်္ကာပြည်တွင်းစစ်သည် တိုင်းပြည်ခရီးသွားလုပ်ငန်းတိုးတက်မှုအလားအလာများကို အစိတ်စိတ်အမြွှာမြွှာပြိုကွဲစေခဲ့သည်။ အစောပိုင်းကာလတွင် အကြမ်းဖက်တိုက်ခိုက်မှုများသည် နိုင်ငံမြောက်ပိုင်းတွင်သာဖြစ်ပွားခဲ့သဖြင့် ခရီးသွားလုပ်ငန်းများအပေါ် ထိခိုက်မှုမရှိသေးဘဲ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ခဲ့သည်။ သို့သော် ၁၉၉၅ ခုနှစ်မှစ၍ အကြမ်းဖက်တိုက်ခိုက်မှုများသည် ကိုလံဘိုမြို့တော်ထိ ရောက်ရှိလာခဲ့သည်။

ထို့ပြင် ၂၀၀၈ ခုနှစ် ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးအကျပ်အတည်းသည် သီရိလင်္ကာနိုင်ငံ၏စီးပွားရေးလုပ်ငန်းကို ထိုးနှက်မှုထပ်မံဖြစ်ပွားခဲ့သည်။ သို့သော် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်တိုးတက်လာခဲ့ပြီး သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအတွက် မောင်းနှင်အား တစ်ရပ်ဖြစ်လာခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာ GDP ၏ ၅ ဒသမ ၆ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့သည်။

သို့သော် ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါနှင့် ခရီးသွားလာရေးဆိုင်ရာ ကန့်သတ်မှုများကြောင့် ခရီးသွားဝင်ရောက်မှု ၅၀ ရာခိုင်နှုန်းထိကျဆင်းသွားခဲ့သည်။ သီရိလင်္ကာနိုင်ငံ၏ GDPတွင် ခရီးသွားလုပ်ငန်းမှရရှိမှုသည် သုည ဒသမ ၈ ရာခိုင်နှုန်းထိကျဆင်းသွားခဲ့သည်။ တရုတ်နှင့်ဥရောပဒေသများမှ ခရီးသွားများဝင်ရောက်မှုကျဆင်းခြင်းသည် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးကို များစွာထိခိုက်စေခဲ့သည်။ ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏စီးပွားရေးလုပ်ငန်းတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးလျက်ရှိသည်။ အလုပ်အကိုင်အခွင့်အလမ်းများသည် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်ထိပုံမှန်တိုးတက်လျက်ရှိသည်။

ရုရှား-ယူကရိန်းပဋိပက္ခသည် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးကဏ္ဍကို အကြီးအကျယ်ထိခိုက်စေလျက်ရှိသည်။ ရုရှားနှင့်ယူကရိန်းမှခရီးသွားများသည် သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်လေ့ရှိကြသည်။ ၂၀၁၈ ခုနှစ်တွင် အဆိုပါနိုင်ငံများမှခရီးသွား ၁၀ ရာခိုင်နှုန်းခန့်သာ လာရောက်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဇွန်လတွင် ၂၅ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့သည်။ ထိုပဋိပက္ခများကြောင့် ရုရှားခရီးသွား ၁၀ရာခိုင်နှုန်းနှင့် ယူကရိန်းခရီးသွားသုံးရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သည်။



၂၀၂၁ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၌ ခရီးသွားလုပ်ငန်းများပြန်လည်ဦးမော့လာခဲ့ရာ ၂၀၂၁ ခုနှစ် မတ်လတွင် ၄၅၈၁ ဦးသာရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်မတ်လတွင် ဦးရေ ၁၀၆၅၀၀ ထိ မြင့်တက်လာခဲ့သည်။ သို့သော် လက်ရှိ စီးပွားရေးအကျပ်အတည်းများကြောင့် သီရိလင်္ကာနိုင်ငံ၏ခရီးသွားလုပ်ငန်းအပေါ် ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်စေခဲ့သည်။ သီရိလင်္ကာအစိုးရသည် ၂၀၂၂ ခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် ခရီးသွားလုပ်ငန်း တိုးတက်လာမည်ဟု ခန့်မှန်းထားရှိခဲ့သော်လည်း လောင်စာဆီပြတ်လပ်မှုများကြောင့် ဩဂုတ်လတွင် ခရီးသွားဦးရေ ၃၇၇၆၀ သာဝင်ရောက်ခဲ့သည်။ ထိုသို့ခရီးသွားဝင်ရောက်မှုကျဆင်းခြင်းသည် တိုင်းပြည်နိုင်ငံခြားအရန်ငွေ ကုန်ဆုံးခြင်း၏အကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့ပြီး စီးပွားရေးအကျပ်အတည်း ပိုမိုဖြစ်ပေါ်လာစေခဲ့သည်။ ခရီးသွားဝင်ရောက်မှုသာ မြင့်တက်လာမည်ဆိုလျှင် တိုင်းပြည်ကိုစီးပွားရေးအကျပ်အတည်းမှ ကယ်ထုတ်ရာတွင် များစွာ အထောက်အကူပြုစေမည်ဖြစ်သည်။

**ခရီးသွားလုပ်ငန်းပြန်လည်ဆန်းသစ်ခြင်း**

သီရိလင်္ကာအစိုးရအနေဖြင့် အိန္ဒိယခရီးသွားများ ပိုမိုဝင်ရောက်လာရေးအတွက် ခရီးသွားအစီအစဉ်များကို ကြိုးပမ်းပြင်ဆင်လျက်ရှိသည်။ ထို့ကြောင့် ဩဂုတ်လအတွင်း သီရိလင်္ကာနိုင်ငံသို့ အိန္ဒိယခရီးသွား ၁၆ ရာခိုင်နှုန်းခန့်ဝင်ရောက်ခဲ့သည်။ ထိုသို့သော အခြေအနေမျိုးတွင် သီရိလင်္ကာနိုင်ငံအနေဖြင့် ခရီးသွားပြည်သူများ၏ ယုံကြည်မှုပိုမိုရရှိစေရန်နှင့် တိုင်းပြည်အတွင်းရှိ ခရီးသွားနေရာများကို ကြိုတင်လေ့လာနိုင်စေရန်အတွက် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များ ပိတ်ဆို့ထားမှုကို ပြန်လည်ဖြေလျှော့ ဖွင့်လှစ်ပေးသွားရန်လိုအပ်ပေသည်။

ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံကိုစီးပွားရေးအကျပ်အတည်းမှ ကယ်ထုတ်ရာတွင်အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံခြားငွေများရှာဖွေပေးနိုင်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်သည်။ ခရီးသွားပြည်သူများကြား သီရိလင်္ကာနှင့်ပတ်သက်၍ ပုံရိပ်ကျဆင်းစေမည့် အမြင်သဘောထားများကိုချေဖျက်ကာ တိုင်းပြည်အတွင်း ခရီးသွားပြည်သူများ ပြန်လည်ခြေချနိုင်စေရန်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများကို ပြန်လည်ဆန်းသစ်သွားရန်လိုအပ်ပေသည်။ အထူးသဖြင့် ရုရှားနှင့်ယူကရိန်းကြားပဋိပက္ခဖြစ်ပွားနေသည့်တိုင်အောင် သီရိလင်္ကာနိုင်ငံအနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန်အတွက် ခရီးသွားလုပ်ငန်း ပြန်လည်ဆန်းသစ်လာစေရန် နည်းလမ်းရှာကြံဆောင်ရွက်သွားရန်လိုအပ်ပေသည်။

လက်ရှိအချိန်တွင် သီရိလင်္ကာနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ၊ ယူကရိန်းအရေးအပြင် လောင်စာဆီဈေးနှုန်းမြင့်တက်လာမှုများကြောင့် နိုင်ငံခြားငွေရှာဖွေပေးလျက်ရှိသော ခရီးသွားလုပ်ငန်းများမှဝင်ငွေရရှိမှုကျဆင်းလာခဲ့သည်။ စီးပွားရေးအကျပ်အတည်းကြောင့် တိုင်းပြည်အတွင်းဆူပူမှုများဖြစ်ပွားကာ အစိုးရအဖွဲ့ခေါင်းဆောင်သမ္မတသည်ပင်လျှင် တိုင်းပြည်အတွင်းမှ ထွက်ပြေးရသည့် အခြေအနေရောက်ရှိခဲ့သည်။ ထို့ကြောင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့အပါအဝင် ကြွေးမြီရှင်များကိုဖြေလျှော့ပေးရန် တောင်းဆိုခဲ့ရသည်။ ထိုသို့သောအခြေအနေမျိုးတွင် သီရိလင်္ကာအနေဖြင့် ခရီးသွားလုပ်ငန်းပြန်လည်ဆန်းသစ်အောင် ဖော်ဆောင်နိုင်မည်ဆိုလျှင် စီးပွားရေးအကျပ်အတည်းမှ အတိုင်းအတာတစ်ခုထိ ရုန်းထွက်နိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။



**ကိုးကား**

- **Sri Lanka must rescue its tourism sector by Asia Times.**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ပြီးခဲ့သည့် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၉၅ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၇၈၄၀ ပြည်ပသို့ တင်ပို့ရောင်းချပေးခဲ့ရ



**နေပြည်တော် အောက်တိုဘာ ၁၃**

၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၉၅ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၇၈၄၀ ပြည်ပသို့ တင်ပို့ရောင်းချပေးခဲ့ရကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ရော်ဘာများကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ လစဉ်တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ ထိုသို့တင်ပို့ရောင်းချပေးရာတွင် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၇၂ သန်း ဖိုးရှိ ရော်ဘာတန်ချိန် ၂၄၆၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၂၃ သန်းရှိ ရော်ဘာတန်ချိန် ၅၃၈၀ စုစုပေါင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၉၅ သန်းဖိုးရှိ ရော်ဘာတန်ချိန် ၇၈၄၀ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးရာတွင် အာဆီယံဒေသတွင်းနိုင်ငံများနှင့် တောင်အာရှဒေသရှိ ဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးရာတွင် မြန်မာ-တရုတ်နယ်စပ်နှင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတို့မှ ပြည်ပသို့ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ ရော်ဘာအစေးခြစ်ရာသီ ပြန်လည်လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်ပြီး ရော်ဘာဈေးနှုန်းများမှာလည်း မြင့်တက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ရော်ဘာအစေးခြစ်ရာသီတွင် ရော်ဘာတစ်ပေါင်လျှင် ငွေကျပ် ၁၀၀၀ ခန့်သာ ဈေးနှုန်းရရှိနေခဲ့သော်လည်း ယခု ၂၀၂၂ ခုနှစ်တွင် ဒေသနှင့် ရော်ဘာအမျိုးအစားပေါ် မူတည်ကာ တစ်ပေါင်လျှင် ငွေကျပ် ၁၄၀၀ မှ ၁၆၀၀ ထိဈေးနှုန်းရရှိနေကြောင်း သိရသည်။ SKL

# သာစည်မြို့နယ်၌ ဆပ်ပြာရည်နှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်း သင်တန်းဖွင့်

**သာစည် အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် စွမ်းဆောင်ရည်များ မြင့်မားစေရန်အတွက်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာရည်နှင့် ခေါင်းလျှော်ရည် ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက သာစည်မြို့နယ်ကြက်မောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက အမှာစကားပြောကြားပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းသို့ သာစည်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူစုစုပေါင်း ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက အောက်တိုဘာ ၁၂ ရက်မှ ၂၁ ရက်ထိ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းကပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

စာအုပ်စာပေ လူ့မိတ်ဆွေ

# စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက တိုက်စစ်ပိုင်းထက်မြက်နေတဲ့ စပါး၊ လန်း၊ ဆီဗီလာအသင်းတို့ကို ရွေးချယ်ရမှာပါ



ပြီးခဲ့တဲ့တစ်ပတ်က အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေမှာ ပရီးမီးယားလိဂ်က အာဆင်နယ်၊ စီးရီးအေက အေစီမီလန်၊ လာလီဂါက ဆိုစီဒက်အသင်းတို့နိုင်ပွဲရရှိခဲ့ပြီး အိမ်ရှင်အသင်းတွေကသာ နိုင်ပွဲရှာတွေ့ခဲ့တာဖြစ်ပါတယ်။ ဂျာမန်ဘွန်ဒက်လီဂါက ဒေါ့မွန်နဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ကတော့ သရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ အခုတစ်ပတ် စနေနေ့မှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေ မရှိတော့ပေမဲ့ ခြေရည်တူအသင်းတွေနဲ့ တိုက်စစ်ကစားအားကောင်းတဲ့ အသင်းကြီးတွေကိုသာ ဆက်လက်ရွေးချယ်သွားမှာဖြစ်ပါတယ်။

## စပါးကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ စပါးအသင်းနဲ့ အဲဗာတန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စပါးအသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေးပွဲစဉ်မှာ ဘရိုက်တန်အသင်းကို အနိုင်ကစားနိုင်ခဲ့သလို ချန်ပီယံလိဂ်ပွဲစဉ်မှာလဲ ဖရန့်ဖတ်အသင်းကို အိမ်ကွင်းမှာ ကစားကွက်ပိုင်းအသာနဲ့ ကစားနိုင်ခဲ့တာကြောင့် နိုင်ပွဲထပ်မံရရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းဟာ အဝေးကွင်းကစားပုံတည်ငြိမ်မှု မရှိပေမဲ့ အိမ်ကွင်းကစားပုံကတော့ ပရီးမီးယားလိဂ်မှာ မန်စီးတီး၊ အာဆင်နယ်ပြီးရင် တတိယမြောက်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ လက်ရှိမှာ ဟယ်ရီကိန်းက သွင်းဂိုးရှစ်ဂိုးနဲ့ အသင်းရဲ့ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နေသလို နည်းပြကွန်တီရဲ့ အဓိကအားထားရတဲ့ တိုက်စစ်မှူးအဖြစ်ရပ်တည်နေတာကိုတွေ့ရမှာပါ။ စပါးအသင်းဟာ အမှတ်ပေးပြိုင်ပွဲ ကိုးပွဲအပြီးမှာ ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး သူတို့ရှုံးနိမ့်ခဲ့တာကလဲ အဝေးကွင်းမှာ အာဆင်နယ်အသင်းကိုရှုံးခဲ့တာပါ။ အခုပွဲစဉ်မှာတော့ တန်ကန်ဂါ၊ ကူလူဆက်စကီး၊ အယ်မာဆင်ရိုင်ရယ်တို့ကလွဲရင် ကျန်ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်ပါတယ်။

နည်းပြလမ်းပတ်ရဲ့ အဲဗာတန်အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ မန်ယူအသင်းကိုရှုံးနိမ့်ခဲ့တာကြောင့် ကိုးပွဲအပြီးမှာ နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ သူတို့အသင်းအနေနဲ့ ခံစစ်ကစားပုံ ကောင်းမွန်တာကြောင့် ပေးဂိုးကိုးဂိုးသာရှိခဲ့ပြီး ခံစစ်အကောင်းဆုံးအသင်းတွေမှာ ပါဝင်နေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့ မန်ယူအသင်းနဲ့ ပွဲစဉ်မှာတော့ ခံစစ်ကစားပုံကျဆင်းခဲ့တာကြောင့် မန်ယူအသင်းကို နှစ်ဂိုးခွင့်ပြုလိုက်ရပြီး ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းသုံးပွဲဆက်မှာလဲ နှစ်ပွဲသရေ၊ တစ်ပွဲနိုင်ရလဒ်ထွက်ပေါ်ထားပေမဲ့ သူတို့အသင်းတွေ့ဆုံခဲ့တာက ဘရန့်ဖို့ဒ်၊ လိဒ်နဲ့ ဆောက်သမ်တန်တို့လို ကစားသမားစုဖွဲ့မှုအားနည်းတဲ့ အသင်းတွေဖြစ်တာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အခုပွဲစဉ်မှာ မင်နာ၊ ဟိုးလ်ဂိတ်၊ ပက်တာဆန်၊ ဂေါ့ဖရီတို့ ဒဏ်ရာရနေတဲ့ ခံစစ်ပိုင်းနဲ့ စပါးအသင်းတိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ပရီးမီးယားလိဂ်မှာ အိမ်ကွင်းတိုက်စစ်ကစားအားကောင်းတဲ့ စပါးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

### စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပို့တင်းလစ္စဘွန်း | ၂ | - | ၀ | စပါး |
| စပါး | ၆ | - | ၂ | လက်စတာ |
| အာဆင်နယ် | ၃ | - | ၁ | စပါး |
| ဖရန့်ဖတ် | ၀ | - | ၀ | စပါး |
| ဘရိုက်တန် | ၀ | - | ၁ | စပါး |

### အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိဒ် | ၁ | - | ၁ | အဲဗာတန် |
| အဲဗာတန် | ၀ | - | ၀ | လီဗာပူး |
| အဲဗာတန် | ၁ | - | ၀ | ဝက်စ်ဟမ်း |
| ဆောက်သမ်တန် | ၁ | - | ၂ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၂ | မန်ယူ |

## လန်းနဲ့ လက်တွဲပါ

စနေနေ့ညမှာကစားမဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ လန်းနဲ့ မောင့်ပယ်လီယာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လန်းအသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ လိုင်လီကို ရှုံးနိမ့်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်ဟာ နိုင်ပွဲရှာဖွေရမဲ့ပွဲစဉ်ဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ လိုင်လီနဲ့ပွဲစဉ်မှာ အဝေးကွင်းဖြစ်ပေမဲ့ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့သလို ပွဲချိန် ၁၅ မိနစ်မှာရရှိတဲ့ ပင်နယ်တီမဝင်ခဲ့တာကြောင့် ကျဉ်းမြောင်းတဲ့ ရလဒ်နဲ့ ရှုံးပွဲကြုံခဲ့ရတာပါ။ သူတို့အသင်းအနေနဲ့ နည်းပြဟိန့်ဇ်လက်ထက်မှာ အသင်းလိုက်ကစားအားကောင်းမွန်လာတာကြောင့် ရလဒ်ပိုင်းတိုးတက်လာခဲ့ပြီး ခြေစွမ်းပိုင်းကောင်းတဲ့ အသင်းကြီးတွေကိုတောင် ဖိအားပေးလာနိုင်တာကို သတိပြုရမှာပါ။ အခုရာသီမှာလဲ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းငါးပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ ရင်းနက်၊ လိုရီရန့်၊ လိုင်ယွန်တို့လို ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေကိုတောင် အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် လန်းအသင်းဟာ မောင့်ပယ်လီယာနဲ့ နောက်ဆုံးအိမ်ကွင်းတွေ့ဆုံမှုမှာလဲ နှစ်ဂိုးပြတ်နဲ့အနိုင်ရထားတာကိုတွေ့ရမှာပါ။

အခုပြိုင်ပွဲမှာ ၁၀ ပွဲကစားအပြီး လေးပွဲနိုင်၊ ခြောက်ပွဲရှုံးရလဒ် ထွက်ပေါ်ထားတဲ့ မောင့်ပယ်လီယာအသင်းဟာ အဆင့်(၁၀)မှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ တိုက်စစ်ပိုင်း ဂိုးသွင်းခြေစွမ်းရှိပေမဲ့ ခံစစ်ပိုင်းက ပေးဂိုးတွေများနေတာကြောင့် ပေးဂိုး ၂၁ ဂိုးနဲ့ခံစစ်ပိုင်းဆိုးရွားတဲ့ အသင်းတွေထဲမှာပါဝင်နေတာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြ ဒဲလ်အိုဂလီအိုကတော့ နောက်တန်းလေးယောက်ထားပြီး ခံစစ်ပိုင်းတည်ငြိမ်ဖို့ ကြိုးစားနေပေမဲ့ ခံစစ်ပိုင်းက ပေးဂိုးများနေဆဲဖြစ်ပါတယ်။ ဒါ့ပြင် အဓိက ခံစစ်ကစားသမားတွေဖြစ်တဲ့ ဆာခို၊ စိန့်လူစီတို့ ဒဏ်ရာရနေတာကလဲ သူတို့အသင်းခံစစ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်နေသလို ကွင်းလယ်ခံစစ်ကစားသမား ဖာရီကလဲ အနီကတ်ပြစ်ဒဏ်ရှိနေတာကြောင့် အခုပွဲစဉ်ဟာ သူတို့အသင်း ခက်ခဲမှာသေချာပါတယ်။ ဒါ့ပြင် ကွင်းလယ်နဲ့ ခံစစ်ပိုင်းအားနည်းချက်တွေကြောင့် လန်းအသင်းရဲ့ ဖိအားပေးမှုကိုသာ ခံရနိုင်တာကြောင့် ပုံစံကောင်းရရှိနေတဲ့ လန်းအသင်းနဲ့ပဲ လက်တွဲရမှာပါ။

### လန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရိမ်း | ၁ | - | ၁ | လန်း |
| လန်း | ၁ | - | ၀ | ထရွိုင်းယက် |
| နန့်တက် | ၀ | - | ၀ | လန်း |
| လန်း | ၁ | - | ၀ | လိုင်ယွန် |
| လိုင်လီ | ၁ | - | ၀ | လန်း |

### မောင့်ပယ်လီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မောင့်ပယ်လီယာ | ၁ | - | ၃ | လိုင်လီ |
| အန်ဂါ | ၂ | - | ၁ | မောင့်ပယ်လီယာ |
| မောင့်ပယ်လီယာ | ၂ | - | ၁ | စထရာဘော့ |
| တူးလော့ | ၄ | - | ၂ | မောင့်ပယ်လီယာ |
| မောင့်ပယ်လီယာ | ၀ | - | ၂ | မိုနာကို |

## ဆီဗီလာ နိုင်ပွဲရှာရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့တာကတော့ မာယော့ကာနဲ့ ဆီဗီလာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မာယော့ကာအသင်းဟာ ဆီဗီလာနဲ့ နောက်ဆုံးကစားခဲ့တဲ့ လေးကြိမ်မှာလဲ နိုင်ပွဲမရခဲ့ပါဘူး။ လက်ရှိမှာလဲ သူတို့အသင်းဟာ ရှစ်ပွဲကစားအပြီးမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၁၂)ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကစားကွက်ပိုင်း တည်ငြိမ်မှုမရှိသေးတာကြောင့် ပြီးခဲ့တဲ့ ငါးပွဲဆက်မှာလဲ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်သာ ရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းရဲ့ တိုက်စစ်ကိုတော့ မူရီကွီကဦးဆောင်ထားပေမဲ့ မူရီကွီအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာ အနီကတ်ပြစ်ဒဏ်ရရှိခဲ့လို့ အခုပွဲစဉ်မှာ ပါဝင်နိုင်မှာမဟုတ်ပါဘူး။ အခုပွဲစဉ်မှာတော့ ဆီဗီလာလို တိုက်စစ်အားကောင်းတဲ့အသင်းကို ခံစစ်အသားပေး ကစားမယ်ဆိုရင် နိုင်ပွဲနဲ့ဝေးကွာရအုံးမှာ သေချာပါတယ်။

ဆီဗီလာအသင်းဟာ အခုရာသီမှာ အဝေးကွင်းနိုင်ပွဲ တစ်ပွဲသာရရှိထားခဲ့တာကြောင့် ရလဒ်ပိုင်းဆိုးရွားခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၁၈)ထိရောက်ရှိခဲ့လို့ နည်းပြလိုပက်တီဂူကို ရာထူးကထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ နည်းပြသစ် ဆမ်ပါအိုလီ ကိုင်တွယ်ခဲ့တဲ့ နှစ်ပွဲဆက်ရှုံးပွဲမရှိခဲ့ဘဲ ဒေါ့မွန်၊ ဘီလ်ဘာအိုတို့ကို သရေကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။ လက်ရှိနည်းပြသစ် ဆမ်ပါအိုလီဟာ ခံစစ်အသားပေးကစားနေပေမဲ့ ပြိုင်ဘက်ရဲ့ ကစားကွက်အခြေအနေကိုလိုက်ပြီး နည်းစနစ်ပိုင်းအပြောင်းအလဲ ပြုလုပ်နေတာကို တွေ့ရမှာပါ။ ဒါကြောင့် နည်းပြဆမ်ပါအိုလီလက်ထက်မှာ ဆီဗီလာကစားပုံဟာ တိုးတက်လာတယ်လို့ဆိုရမှာပါ။ လက်ရှိ သူတို့အသင်းတိုက်စစ်ကို ကွင်းလယ်ကစားသမား တောရက်စ်က ဦးဆောင်နေပေမဲ့ အခုပွဲစဉ်မှာ အစ္စကို၊ အန်ညက်ဆီရီတို့ ခြေစွမ်းပြမယ်ဆိုရင်တော့ ဂိုးပြတ်နိုင်ပွဲရှာတွေ့သွားမှာပါ။ ဒါ့ပြင် နည်းပြနှစ်ဦးရဲ့အတွေ့အကြုံနဲ့ နည်းစနစ်ပိုင်းကွဲယ်မှုမှာလဲ ဆီဗီလာအသင်းက အသာရနေတာကြောင့် နိုင်ပွဲရှာဖွေရမဲ့ ဆီဗီလာပဲအနိုင်ရသွားမှာပါ။

### မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မာယော့ကာ | ၁ | - | ၁ | ဂျီရိုနာ |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၁ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၀ | အယ်မာရီယာ |
| မာယော့ကာ | ၀ | - | ၁ | ဘာစီလိုနာ |
| အယ်ချီ | ၁ | - | ၁ | မာယော့ကာ |

### ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗီလာရီးရဲလ် | ၁ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၀ | - | ၂ | အေတီကို |
| ဆီဗီလာ | ၁ | - | ၄ | ဒေါ့မွန် |
| ဆီဗီလာ | ၁ | - | ၁ | ဘီလ်ဘာအို |
| ဒေါ့မွန် | ၁ | - | ၁ | ဆီဗီလာ |

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့် ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ကျောက်မဲမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်မဲ အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်နောက်ကျေးရွာနှင့် ပေါက်အင်းလေးကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက တောင်နောက်ကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ကျောက်မဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်မဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝတ်မှုန်ထွေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ တောင်နောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၂ ဦးကို ရန်ပုံငွေကျပ် သိန်း ၅၅၀၊ ပေါက်အင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းစတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၉ ဦးကို ရန်ပုံငွေကျပ် ၃၆၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကျောက်မဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**ဖြိုးထက်အောင်(ပျော်ဘွယ်)**









## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ နန-၅၂/၂၃ ဦးကျော်ဝင်းအမည်နှင့် မြေချထားမိန့်ရရှိထားသော မြေကွက်၏ အလယ်ခြမ်း ပေ(၂၀×၄၀)ကို အဆင့်ဆင့်လွှဲပြောင်းရယူ၍ ယခု မဇန်သီခိုင် (ဘ) ဦးကျော်ဝင်း (၁၃/မပန(နိုင်)၀၂၄၉၁၆)လက်ဝယ်မှ ကျွန်မ ဒေါ်ခွေး (ဘ) ဦးညွန့် (၉/မနတ(နိုင်)၀၄၁၈၃၂) တို့သည် နှစ်ဦးနှစ်ဖက် အရောင်းအဝယ်ပြုလုပ်ကြမည်ဖြစ်သောကြောင့် ဤမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ခွေး(ဘ)ဦးညွန့် (၉/မနတ(နိုင်)၀၄၁၈၃၂)**

**၀၉-၄၄၅၈၂၉၈၆၇**

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နယ်နေ စသားညီထွန်း (ဘ) စဆန်းဝင်း (၁၄/ပတန(နိုင်)၂၁၃၇၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၈၈၄၄၈၅၃

### ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နေ မဝင်းဝင်းဆန်း(ဘ) ဦးမြကင်း(၁၄/မမန(နိုင်)၂၆၄၇၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၉၅၆၆၁၀၂၆၇

### ပျောက်ဆုံးကြောင်း

သာပေါင်းမြို့နေ စည်သူစန့် (ဘ) ဦးသန်းဦး (၁၄/သပန(နိုင်)၁၂၉၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၂၄၃၇၂၃၅၇

**သင့်သွေးဖြင့် အသက်ကယ်ပါ**


တိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသီရိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၃၁၀၃၃၃၇၊
၀၆၇-၃၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

